တပေါ်စ ဇေတံ မင်္ဂလ မုတ္တမံ၊ မြီးခြစ္စာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၄)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရရှိခဲ့သောအကျိုးရလဒ်ကောင်းများ

မိမိတို့နှစ်နိုင်ငံ ညီအစ်ကိုနိုင်ငံများကဲ့သို့ ချစ်ခင်ရင်းနှီး ထိပ်ဆုံးအကြီးအကဲမှ အောက်ခြေအဆင့်အထိ နားလည်မှုရှိ မြန်မာနိုင်ငံအကျိုးဆတက်ထမ်းပိုးထမ်းရွက်နိုင်ရန်ဆန္ဒပြု

လာအိုနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံ

သမ္မတကြီး၏ပြောကြားချက်များ မိမိတို့အားရကျေနပ် မြန်မာနှင့်လာအိုနိုင်ငံတို့သည် ညီအစ်ကိုနိုင်ငံများဖြစ် ဒေသတွင်းနှင့်နိုင်ငံတကာကိစ္စများ၌ ပူးပေါင်းဆောင်ရွက်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လာအိုနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲ တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်၊ သမ္မတရုံးဝန်ကြီး မစ္စတာ ဆိုဘန်ဆရီ သီရက်၊ အစိုးရအဖွဲ့ရုံး ဝန်ကြီး ဒေါက်တာ ဖန်ခမ်ဗီဖာဝပ်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၃ ❍

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံတို့ ဩဂုတ် ၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမတွင် ရင်းနှီးခင်မင်စွာ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

မြန်မာ–ဗီယက်နမ်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ပေးနိုင်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီး

မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံတို့သည် အစဉ်အလာရင်းနှီးမှုရှိပြီးသော နိုင်ငံများဖြစ်ကြသည်။ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက် မစွက်ဖက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို သက်ဆိုင်ရာကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို နှစ်နိုင်ငံစလုံးက တန်ဖိုးထားလိုက်နာလျက်ရှိကြသည်။

နှစ်နိုင်ငံအကြား နှစ်ပရိစ္ဆေဒရှည်ကြာစွာ တည်ရှိဖြစ်ထွန်းနေသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်စာနာမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုး ဖြစ်ထွန်းသောကိစ္စများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးတို့အတွက် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းတွင် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွား ရောက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦးတို့၏ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

မိမိတို့နိုင်ငံ၏ ဖြစ်ပေါ် တိုးတက်မှုများအပေါ် ဗီယက်နမ်နိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နားလည်စာနာမှု၊ ထောက်ခံ အားပေးမှုတို့ပြုကြသည့်အတွက် မိမိတို့ဝမ်းမြောက်ဝမ်းသာကျေးဇူး တင်ရှိပါ ကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံကလည်း ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်မှု အခြေအနေများ

ကို ရှင်းလင်းပြောကြားသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ကလည်း–

မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များ အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့က နားလည်ထောက်ခံပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး ကာလတွင် မြန်မာနိုင်ငံ၏ ကူညီစာနာထောက်ခံခဲ့မှုများကိုလည်း မိမိတို့ အမြဲသတိရလျက် ရှိပါကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံ အလှည့်ကျ တော့မည်ဖြစ်ရာ အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ အာရှ–ဥရောပ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ ပါဝင်တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံကြောင်း

စသည်ဖြင့် ပြန်လည်ဆွေးနွေး ပြောကြားသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့အကြား မူခင်းကာကွယ်ရေးနှင့်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီဟွန်အမ်းတို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများသည် များစွာအားရ ကျေနပ်ဖွယ် တွေ့ရှိရသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏ တိုးမြှင့်ရေး၊ ကျန်းမာရေး၊ မဲခေါင်မြစ်ကို အကျိုးရှိစွာ အသုံးချရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်လည်း နှစ်နိုင်ငံစလုံးက ဆန္ဒရှိကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဗီယက်နမ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–ဗီယက်နမ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် ခရီးစဉ် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၂–၈–၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Mocroeconomics Polioy Objectives and Instruments (ဒုတိယနှစ်–စီးပွားရေး၊ ပြည်သူ့ရေးရာ)
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း–၁၆)ဇာတ်သိမ်းပိုင်း
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယပိုင်း) (အပိုင်း–၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီ ထာဝရဒါနအရိပ်အလှူ ပန်းအလှူအဖြစ် အရိပ်ရပင်နှင့်ပန်းအလှပင်များ လာရောက်ဝယ်ယူလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် ရွှေတိဂုံစေတီတော် သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာမဟာဝန်းကျင်၌ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ထာဝရဒါန အရိပ်အလှူ ပန်းအလှူအဖြစ် အလှူရှင်များ အလွယ်တကူ စိုက်ပျိုးလှူဒါန်းနိုင်ရန် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး၌ အလှူခံဌာနဖွင့်လှစ်ထားရှိသည်။

လှူဒါန်း

အဆိုပါ အလှူခံဌာနသို့ စေတနာ ရှင်အလှူရှင်များက ဆီအုန်း၊ ကြိမ်ထန်း၊ အုန်းငှက်ပျောစသည့် အရိပ်ရပင်များ၊ ဗုဒ္ဓသရဏ၊ ရွက်လှ၊ ရွှေဝါ၊ ကြက်တူ ရွေး၊ ခေါင်ရန်း၊ ပုဏ္ဏရိက်ကြီး၊ စံပယ်၊ ဒန့်ဒကူး၊ နဂါး စက်ဂမုန်း၊ ဝါးမြက်၊ ပိတ်စွယ်စသည့် ပန်းအလှပင်များကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် နေ့စဉ်လာရောက်ဝယ်ယူ လှူဒါန်းလျက်ရှိကြသည်။

အလားတူ ယမန်နေ့မွန်းလွဲ ၁ နာရီတွင် အလှူရှင်များဖြစ်ကြသည့် ရွှေတိဂုံစေတီတော် ရေကြည်တော်ဝတ်အသင်းက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ခရာဝါပျိုးပင်အိတ်ကြီး ၂၀၀၊ Heliconia ပျိုးအိတ် ၂၀၀၊ သစ္စာကြားပျိုးအိတ် ၅၀၀နှင့် ညောင်ဝါပျိုးအိတ် ၃၀၀၊ ရွှေတိဂုံ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ခရာဝါပျိုးပင်အိတ်ကြီး ၁၀၀နှင့် ပုဏ္ဏရိက်ပျိုးအိတ် ၁၀၀၊ ဦးကျော်ဇံ–ဒေါ်စိုးစိုး (ရွှေတိဂုံ မြန်မာမှု လုပ်ငန်း)က ငွေကျပ် တစ်သိန်း တန်ဖိုးရှိ ပုဏ္ဏရိက်ပျိုးအိတ် ၅၀၀၀နှင့် ဦးမင်းသောင်း–ဒေါ်အေးမိစံ (ဆင်ဖြူတော်ယွန်းလုပ်ငန်း–ပုဂံမြို့) က ငွေကျပ် တစ်သိန်း တန်ဖိုးရှိ Heliconia ပျိုးအိတ် ၃၀၀ နှင့် ဝါးမြက်ပျိုးအိတ် ၁၀၀တို့ကို လာရောက် လှူဒါန်းကြရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက် ရေးလုပ်ငန်း ကော်မတီနှင့် စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူကြပြီး **(အပေါ်ပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အလှူခံဌာနကို ဩဂုတ် ၃၁ ရက်အထိ နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ အလှူရှင်များ လာရောက်ဝယ်ယူ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၁

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (ဩဂုတ် ၂၂ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားကြီးဝင်းရှိ ဘိုကလေးမြို့နယ်အသင်း သိမ်ကျောင်းဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်းနှင့်ဆွမ်းစသော အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသော မြို့နယ်သူ မြို့နယ်သားတို့သည် ဦးတင့်ဇော်(ဥက္ကဋ္ဌ)ဖုန်း–၂၉၁၃၃၈၊ ဦးတင်မောင်မြင့်(အတွင်းရေးမှူး) ဖုန်း–၇၀၉၁၈၄၊ ဒေါ်မြင့်မြင့်စိန်(ဘဏ္ဍာရေး မှူး)ဖုန်း–၅၄၃၇၂၄ နှင့် ရုံးဖုန်း–၂၁၂၅၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက်က အသင်းရုံးခန်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အသင်း နာယက ဒေါက်တာ ဒေါ်ခင်ခင်ထွန်းက ပညာပေးဟောပြောပြီး စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြောင်း သိရသည်။ **(က–ပ)**

❍ ရှေ့ဖုံးမှ

အပြန်အလှန်လေးစား

ထိုသို့ တွေ့ဆုံစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံက အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့နိုင်ငံသို့ အကြိမ်ကြိမ်ရောက်ဖူးနေသဖြင့် မိမိတို့သည် ဆွေမျိုးသားချင်းသဖွယ် ဖြစ်နေကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုရှိကြကြောင်း။

ဆတက်ထမ်းပိုးဆောင်ရွက်

နှစ်နိုင်ငံအကြားဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန် နားလည်မှုများလည်းရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိကြောင်း၊ မြန်မာနိုင်ငံခေါင်းဆောင်များ နိုင်ငံအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်စေရန် မိမိက ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

အပြန်အလှန်ပူးပေါင်းမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆွေတော်သမ္မတကြီး၏ တန်ဖိုးရှိသော ပြောကြားချက်များအပေါ် မိမိတို့ အားရကျေနပ်မိကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသတွင်းကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်သွားပြီး အပြန်အလှန်ထောက်ခံမှု၊ အကူအညီပေးမှုများ ပြုလုပ်သွားမှာဖြစ်သည်ကို ယုံကြည်ပါကြောင်းဖြင့် ရင်းနှီးခင်မင်စွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား ဩဂုတ် ၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော်ဧည့်ခန်းမတွင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူများအာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံ (၁၉၉၆–၁၉၇၄)ခုနှစ် B.A(Law),LL.B ဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် နှစ်(၃၀)ပြည့် အထိမ်းအမှတ် မိတ်ဆုံစားပွဲကို စက်တင်ဘာ ၂၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ကုန်သည်ကြီးများ ဟိုတယ် ဆူးလေဘုရားလမ်း ရန်ကုန်မြို့တွင် ပြုလုပ်မည်ဖြစ်ရာ ဦးကျော်ပိုင် ဖုန်း–၀၉–၅၀၀၄၉၄၀၊ ၀၁–၇၀၁၄၉၄၊ ဦးတင်ဝင်းအောင်ဖုန်း–၀၁–၂၄၅၉၆၈၊ ဦးကျော်စိုးဗိုလ် ဖုန်း–၇၀၃၉၈၉၊ ၇၀၅၃၀၉၊ ဒေါ်မော်မော်အေး ဖုန်း–၅၃၅၃၈၁၊ ၂၅၂၇၂၃၊ ဒေါ်မီမီသက် ဖုန်း–၀၂–၆၆၅၄၃၊ ၀၂–၆၁၁၀၀၊ ၀၉–၂၀၀၀၅၄၃၊ ဒေါ်မိုးသူ ဖုန်း–၀၂–၃၁၈၈၃၊ ၀၂–၂၄၁၅၂၊ ၀၂–၂၆၄၉၂၊ ဦးမောင်မောင်လှသောင်း ဖုန်း–၀၂–၂၄၉၇၇တို့သို့ စက်တင်ဘာ ၁၀ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်

၁၁–၈–၂၀၀၄

မင်္ဂလာဒုံ	၁ ဒသမ ၉၆ လက်မ
ကမ္ဘာအေး	၁ ဒသမ ၇၇ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ ၇၇ လက်မ

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား ဩဂုတ် ၁၀ ရက်က ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအပေါ်ထားရှိသည့် လာအိုနိုင်ငံသမ္မတ၏သဘောထား

☆ အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် မိမိတို့နိုင်ငံသို့ အကြိမ်ကြိမ်ရောက်ဖူးနေသဖြင့် မိမိတို့သည် ဆွေမျိုးသားချင်းသဖွယ်ဖြစ်နေ။

☆ မိမိတို့နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများကဲ့သို့ပင် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိ။

☆ နှစ်နိုင်ငံအကြား ဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန် နားလည်မှုများလည်းရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိ။

☆ မြန်မာနိုင်ငံခေါင်းဆောင်များ နိုင်ငံအကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်စေရန် မိမိက ဆန္ဒပြု။

မြန်မာနိုင်ငံအပေါ်ထားရှိသည့် လာအိုနိုင်ငံဝန်ကြီးချုပ်၏သဘောထား

☆ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး တို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်သည့်အတွက်ဝမ်းသာ။

☆ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တန်ဖိုးထားရာ၌ တူညီကြသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် နားလည်မှုရှိရှိဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိ။

☆ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် အနှစ်(၅၀)ပြည့်မြောက်မည့် ၂၀၀၅ ခုနှစ်တွင် ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ် အခမ်းအနားကျင်းပသွားလို။

☆ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား တည်ဆောက်ရေး၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး စသည့်ကိစ္စရပ်များ ဆွေးနွေးခဲ့။

ဗြိတိသျှတပ်ဖွဲ့ဝင်များကြောင့် သေဆုံးခဲ့သော အီရတ်၄ဦးတို့၏အမှု ဗြိတိသျှစစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိ

လန်ဒန် ဩဂုတ် ၉

အီရတ်တွင် လွန်ခဲ့သည့်နှစ် မေလကစပြီး ဗြိတိသျှတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့သော ဖြစ်ရပ်များ၌သေဆုံးခဲ့သည့် အီရတ်၄ဦးတို့၏ အမှုကို ဗြိတိသျှ စစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့၌ သတင်းဖော်ပြလိုက်သည်။

မဖော်ပြ

ပြီးခဲ့သည့်နှစ်မေလ၌ အမေရိကန်နှင့် အပေါင်းပါအဖွဲ့များက အီရတ်အား စတင်သိမ်းထားခဲ့ချိန်မှစပြီး ဗြိတိသျှ တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့သောဖြစ်ရပ်များတွင် သေဆုံးခဲ့ရသည့် အီရတ်လူမျိုးတို့၏အရေအတွက်ကို ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန (အမ်အိုဒီ)က အတိအကျမဖော်ပြခဲ့ကြောင်း သတင်းစာက ရေးသားသည်။

စစ်ဆေးနေ

ဗြိတိသျှစစ်ရဲအဖွဲ့သည် စုစုပေါင်း အီရတ်လူမျိုး ၉၄ဦးသေဆုံးသည့်အမှုများကို စစ်ဆေးကြောင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးနေဆဲရှိကြောင်း အမ်အိုဒီက သောကြာနေ့၌ဝန်ခံခဲ့သည်။ အီရတ်တွင်ရှိသော ဗြိတိသျှတပ်ဖွဲ့ဝင်များပါဝင်သည့် ဖမ်းဆီးထိန်းသိမ်းမှု၊ ဥပဒေချိုးဖောက်သောသေနတ်ပစ်ခတ်မှု၊ ဒဏ်ရာရရှိမှုများကြောင့် ထိုအီရတ်လူမျိုးများ သေဆုံးခဲ့ကြောင်း စွပ်စွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ



နာဂျက်ဖ်မြို့ပေါ်တွင် အမေရိကန် အပါချီစစ်ရဟတ်ယာဉ်တစ်စင်း ပျံသန်းလာသည်ကို အီရတ် ပြောက်ကျား တစ်ဦးက ဒုံးပစ်လောင်ချာဖြင့်ပစ်ချရန် ချိန်ရွယ်နေသည်ကိုဩဂုတ် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျပြည်သူများအား လိမ်ညာမည့်သူများ မှားယွင်းစွာရွေးချယ်ခဲ့မှု အရာရှိဟောင်းကြီးများက ဝေဖန်ပြစ်တင် ပြောကြား

ကင်ဘာရာ ဩဂုတ် ၈

ဩစတြေးလျကာကွယ်ရေး ဦးစီးချုပ်ဟောင်းများနှင့် သံတမန်ဟောင်းများသည် အီရတ်စစ်ပွဲ၌ ဩစတြေးလျ ပါဝင်ပတ်သက်ခဲ့ခြင်းကို တနင်္ဂနွေနေ့က ပြစ်တင်ရှုတ်ချခဲ့ကြရာ ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ် ပြန်လည်အရွေးခံရရေး အလားအလာများကို အကြီးအကျယ် ထိုးနှက်ခဲ့သည်ဟုဆိုသည်။

ဩစတြေးလျကာကွယ်ရေး ဦးစီးချုပ်ဟောင်းနှစ်ဦးနှင့် သံအမတ်ကြီးဟောင်း သုံးဦးအပါအဝင် ဩစတြေးလျ နိုင်ငံ၏ ထင်ရှားသော ပုဂ္ဂိုလ် ၄၃ဦးသည် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ လိမ်ညာသော ဩစတြေးလျအစိုးရဖြစ်ကြောင်းနှင့် အမေရိကန်က ဆုံးဖြတ်သောနိုင်ငံခြားရေး မူဝါဒများကို တရားဝင်အောင် လုပ်ခဲ့ကြောင်း စွပ်စွဲထားသည်။

တွက်ဆ

ဝေဖန်သူအချို့က ယခုသီတင်းပတ်တွင် ဝန်ကြီးချုပ် ဟောင်းဝပ်သည် စက်တင်ဘာ ၁၈ ရက် ရွေးကောက်ပွဲကို ကြေညာလိမ့်မည်ဟု ကြိုတင်တွက်ဆခဲ့ကြသည်။ ဝန်ကြီးချုပ် ဟောင်းဝပ်သည် ဝန်ကြီးချုပ်အဖြစ် တတိယသက်တမ်းအတွက် မျှော်လင့်ထားသည်။

စိုးရိမ်

ဩစတြေးလျကာကွယ်ရေး ဦးစီးချုပ်ဟောင်းများနှင့် သံတမန်ဟောင်းများ ထုတ်ပြန်သော ကြေညာချက်တွင် မှားယွင်းသော ယူဆချက်များအပေါ် အခြေခံပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်မှု၌ ဩစတြေးလျနိုင်ငံ ပါဝင်ခဲ့သည့်အတွက် မိမိတို့ စိုးရိမ်ပူပန်ခဲ့ကြောင်း၊ ဩစတြေးလျပြည်သူများကို လိမ်ညာလှည့်စားမည့် ကိုယ်စားလှယ်များအား မိမိတို့ရွေးချယ်ခဲ့သည့်အတွက် မှားယွင်းပြီး အန္တရာယ်ရှိခဲ့ကြောင်း ဝေဖန်ဖော်ပြထားသည်။ **(အင်တာနက်)**

ယူနန်နယ်စပ်ကုန်သွယ်ရေး ၂၅ရာခိုင်နှုန်းမြင့်တက်

ကူမင်း ဩဂုတ် ၉

တရုတ်ပြည် အနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်သည် ယခုနှစ် ပထမခြောက်လအတွင်း နယ်စပ်ကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ၂ ဒသမ ၅ဘီလီယံဖိုးရှိခဲ့သဖြင့် ၂၀၀၃ခုနှစ် ယင်းကာလကထက်၂၅ဒသမ ၄ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဒေသအကောက်ခွန်ဌာနက ပြောသည်။

စုစုပေါင်း ကုန်သွယ်မှုတွင် သွင်းကုန်တန်ဖိုး ၁ဒသမ ၁ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုး၁ဒသမ ၄ဘီလီယံရှိခဲ့ရာ နှစ်ချင်းအလိုက်သွင်းကုန်၌ ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ပို့ကုန်၌ ၂၁ဒသမ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အိမ်နီးချင်း နိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ယူနန်ပြည်နယ်တို့သည် နယ်စပ်မျဉ်းကီလိုမီတာ ၄၀၀၀ကျော်ရှိပြီး နယ်စပ်ကုန်သွယ်ရေးသည် ပြည်နယ်များ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် မကြာသေးမီနှစ်များအတွင်း အရေးပါလာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက်မြို့လယ်ရှိ တိုက်ဂရစ်မြစ်ကမ်းအနီး အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် မီးခိုးလုံးများ တက်နေသည်ကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိအိန္ဒိယနှင့်အခြားနိုင်ငံများမှအလုပ်သမားများ အမေရိကန်တို့က လုံခြုံရေးအာမခံချက်မပေးနိုင်

ဝါရှင်တန် ဩဂုတ် ၉

အီရတ်တွင် အိန္ဒိယနှင့် အခြားတောင်အာရှနိုင်ငံများမှ အလုပ်သမားများအား အကြမ်းဖက်တိုက်ခိုက်ခြင်းကို လုံခြုံရေးအာမခံချက် မပေးနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားလိုက်သည်။

အီရတ်သို့သွားကြသော အလုပ်သမားတိုင်းကို မိမိတို့ ကာကွယ်ရန် အာမခံချက်မပေးနိုင်ကြောင်း၊အီရတ်တွင် အပေါင်းပါ တပ်ဖွဲ့များအပြင် ကွဲလွဲသော ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်မှုများရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက ပြောကြားသည်။

အမေရိကန်နှင့်အပေါင်းပါများ တပ်ဖွဲ့တွင် မပါသော အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများမှ အလုပ်သမားများနှင့် စပ်လျဉ်း၍ မေးခွန်းတစ်ခုကိုပြန်ကြားရာတွင် ၎င်းကထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရတ်အစိုးရနှင့် ပူးပေါင်းလျက် ပိုမိုလုံခြုံသော ပတ်ဝန်းကျင်ကို ယေဘုယျအားဖြင့် မိမိတို့ဖန်တီးပေးနိုင်သော်လည်း အလုပ်သမားတိုင်းအား အကာအကွယ်ပေးရန် မိမိတို့ကတိမပေးနိုင်ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ပီတီအိုင်**

အီရတ်၌ သုံးရက်အတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများ ကန်တပ်ဖွဲ့ဝင်ငါးဦးအပါအဝင် ၇၆ ဦးသေဆုံး၊ ၃၀၀ ကျော်ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၈

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့နှင့် ဆာဒါမြို့တို့တွင် အမေရိကန်တပ်ဖွဲ့များနှင့် မော့တာဒါအယ်ဆာဒါကို သစ္စာခံသော အီရတ်ခုခံတိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များအကြား ပြင်းထန်သောတိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။ သုံးရက်အတွင်း ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးအပါအဝင် လူ၇၆ဦးသေဆုံးခဲ့ပြီး လူ၃၀၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အမေရိကန်တင့်ကားများသည် တိုက်ခိုက်ရေးသမားများ၏ စိန်ပြောင်း၊ ဒုံးကျည်များနှင့် တိုက်ခိုက်မှုဒဏ်ခံနေရကြောင်း သိရသည်။

နာဂျက်ဖ်တွင်လည်း အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် အီရတ်လက်နက်ကိုင်များ၏ ရင်ဆိုင်နေရသည်။ ဤအတောအတွင်း အီရတ်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထဲရေးဝန်ကြီးနှင့် တရားရေးဝန်ကြီးတို့သည် တနင်္ဂနွေနေ့က နာဂျက်ဖ်မြို့သို့ ရောက်ရှိလာပြီး လာမည့် ဇန်နဝါရီ လ၌ကျင်းပမည့် ရွေးကောက်ပွဲ၌ အယ်ဆာဒါပါဝင်ရန် ကမ်းလှမ်းခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ဓားစာခံများဖြစ် သော အိန္ဒိယလူမျိုးသုံးဦး၊ ကင်ညာလူမျိုးသုံးဦးနှင့် အီဂျစ်လူမျိုးတစ်ဦးတို့အား ပြန်လွှတ်မည့်ကိစ္စနှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်ပြီး ဘာဆာ ရာမြို့တွင်း၌ အီရန် သံတမန်တစ်ဦး ပြန်ပေးဆွဲခံထားရ ကြောင်း အယ်အာရေးဗီးယားရုပ်သံမှ သတင်းထုတ်ပြန်သည်။ **(စီအက်ဖ်အိုင်)**

❒ *ကျောဖုံးမှ*

အထူးလေယာဉ်ပေါ်မှ ဆင်းလာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့်ဇနီး ဒေါ်သီတာဋ္ဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သီဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

လှိုက်လှဲခင်မင်စွာကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသား လွှတ်တော်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို အမျိုးသားလွှတ်တော် အဆောက်အအုံရှေ့၌ စတင်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဝင်များ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး ပွဲကျင်းပမည့် ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိလာရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ် ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့ အမျိုး သား လွှတ်တော်အဆောက်အအုံ ရှေ့၌ ကျင်းပသော ဂုဏ်ပြု ကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ စဉ်။ (သတင်းစဉ်)

မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်က လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေးကိုယ်စား လှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက် ပေးစဉ်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်နှင့် ရဲအရာရှိကြီးများ၊ အမျိုးသားလွှတ်တော်အမတ် များနှင့် အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်အား မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်လိုက်ပါလျက် ညနေ ၆ နာရီတွင် အထူးယာဉ်တန်းဖြင့် ဗီယန်ကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိကြရာ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ညနေ ၆နာရီ ၁၀မိနစ်တွင် ကျင်းပသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ပိုမိုတိုးပွားလျက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအမံများ အချင်းချင်းပူးပေါင်းဆောင်ရွက်မည်ဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များ ဂုဏ်ပြုညစာစားပွဲအပြီးတွင် လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၅ မှ

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆိုလီဝုန်ဒါလာဗုန်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်လွန်ချစ်ဖုံးဆာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆူကြိုင်သာမာချစ်၊ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွန်ဖုန်မွန်ကူဗီလိုင်၊ အစိုးရအဖွဲ့ရုံး ဝန်ကြီး ဒေါက်တာဖန်ခမ်ဗီဖာဝပ်၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘို ဒီဆိန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မကြုံစဖူးထူးကဲ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက လွန်စွာရင်းနှီးသော ညီအစ်ကိုနိုင်ငံများလည်း ဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာမရှိသည့်အပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များမှာ ပိုမိုတိုးပွားလျက်ရှိကြောင်း၊ ၁၉၅၆ခုနှစ်မှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ပြီးနောက် ယခုအချိန်အခါတွင် မိမိတို့နှစ်နိုင်ငံ၏ဆက်ဆံရေးမှာ မကြုံစဖူးထူးထူးကဲကဲ ဖြစ်ထွန်းခိုင်မြဲလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းအကောင်အထည်ဖော်မှုများအပေါ် အားရကျေနပ်မိပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်ရှိသည်များကို အချင်းချင်းပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် မိမိတို့နှစ်နိုင်ငံချင်း ပူးပေါင်း၍ဖြစ်စေ၊ အာဆီယံအဖွဲ့ကြီး၏ မူဘောင်အတွင်းမှ ဖြစ်စေ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်သည့်အတွက် ဝမ်းသာပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တန်ဖိုးထားရာ၌ တူညီကြသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် နားလည်မှုရှိရှိဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် အနှစ်(၅၀)ပြည့်မြောက်မည့် ၂၀၀၅ ခုနှစ်တွင် ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ် အခမ်းအနားကျင်းပသွားလိုကြောင်းဖြင့် ပြန်လည်ပြောကြားပြီး နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား တည်ဆောက်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗီယန်ကျင်းမြို့ရှိ Lao Plaza Hotel သို့ ရောက်ရှိကြသည်။

အမှတ်တရလက်ဆောင်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် ည ၈ နာရီတွင်

စာမျက်နှာ ၇ သို့

ဂုဏ်ပြု ပန်းခြင်းပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၆ မှ

Lao Plaza Hotel ည့ော်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ည ၈ နာရီခွဲတွင် Lao Plaza Hotel ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ရိုးရာအကဖြင့်ဖျော်ဖြေ

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် နှုတ်ခွန်းဆက် ဆုတောင်းစကားများ အသီးသီးပြောကြားကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက Lao Plaza Hotel ခန်းမ၌ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဩဂုတ် ၁၀ ရက် နံနက် ၇နာရီ ၄၅ မိနစ်တွင် Lao Plaza Hotel ည့ော်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ဂါရဝပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဩဂုတ် ၁၀ ရက်က Lao Plaza Hotel ခန်းမ၌ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှဝန်ထမ်းများက ဂါရဝပြုကြစဉ်။

(သတင်းစဉ်)

ခရီးစဉ်မှတ်တမ်းဓာတ်ပုံပေး

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း တက်ရောက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာရန် ဒေသစံတော်ချိန် နံနက် ၉နာရီတွင် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်နှင့် တာဝန်ရှိသူများ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့်ဇနီး ဒေါ်သီဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေး အထွေထွေဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဆိပ်ကမ်းရှိ မြသီတာသင်္ကြန်ဒါနိသင်တန်းကျောင်း၌ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်ကအမှာစကားပြောကြားရာ၌ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းဆောင်တာများ ခိုင်မာစွာတည်တံ့ဆောင်ရွက်နိုင်မှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းသွားရန် အထူးလိုအပ်ကြောင်း၊ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဌာနကြီးခုနစ်ခုဖြင့် မြန်မာပြည်တစ်နံ့တစ်လျား မြစ်ကြောင်းကြီးများ တစ်လျှောက် ကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိကြောင်း၊ ရေယာဉ်များကိုင်တွယ်မောင်းနှင်ရာ၌ဘေးအန္တရာယ်ကင်းရှင်းရေးသည်အဓိကကျကြောင်းနှင့်တာဝန်များကိုကျွမ်းကျင်စွာ ဆတက်ထမ်းပိုးထမ်းဆောင်သွားကြရန် လိုကြောင်း၊ ခရီးသည်နှင့် ကုန်စည်များ၊ ရေယာဉ်များအန္တရာယ်ကင်းရှင်းစေရေးအတွက် အထူးဂရုစိုက်ကြိုးစား ဆောင်ရွက်ကြရန် ပြောကြားသည်။ **(သတင်းစဉ်)**

ဗဟန်းအမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၁

ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုအဖြစ် ကျောင်းသား ကျောင်းသူများ ကိုယ်ကာယအလေးချိန်ချိန်ခြင်း၊ အရပ်တိုင်းခြင်း၊ အာဟာရတိုက်ကျွေးခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့နံနက်၈နာရီက ပတ္တမြားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်**(ယာပုံ)**နှင့် မြန်မာနိုင်ငံဆရာဝန်များအသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်များအသင်းအမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်အုန်းလွင်က ကျောင်းသားနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန လက်ထောက်ဌာနမှူး ဒေါက်တာ ဒေါ်ကြည်ကြည်သန်းက အိုင်အိုဒင်းဓာတ် လျော့နည်းသည့် ရောဂါကိုပပျောက်စေရန် ၂၀၀၅ ခုနှစ် စီမံချက်နှင့် မသန့်ရှင်းသောအစားအစာမှ တစ်ဆင့်ဖြစ်ပွားသောရောဂါအကြောင်း သိကောင်းစရာများ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောကြသည်။

(မြန်မာ့အလင်း)

လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီး နှစ်နိုင်ငံ အကျိုးတူဆောင်ရွက်

ခင်မင်ရင်းနှီးစွာ မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သောမြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ် ဦးဆောင်သော အဖွဲ့တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့ ခင်မင်ရင်းနှီးစွာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် အိမ်...
ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့်သာ...

ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်အားလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာဘွန်ညံဗိုရာချစ်က အမျိုးသားလွှတ်တော်အဆောက်အအုံရှေ့၌ကျင်းပသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မိတ်ဆက် ပေးစဉ်။

(သတင်းစဉ်)

အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဝင်များနှင့် လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံနှင့် အဖွဲ့ ဝင်များ ဩဂုတ် ၁၀ရက်က ဗီယန် ကျင်းမြို့ရှိ သမ္မတအိမ်တော်ရှေ့ တွင် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

တွေ့ဆုံ ဆွေးနွေး

ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန် မာ ချစ် ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ဝင် များနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင် ငံ ဝန် ကြီး ချုပ် မစ္စတာ ဘွန်ညံဗိုရာချစ် ဦးဆောင်သော အဖွဲ့ တို့ နှစ် နိုင် ငံ တွေ့ ဆုံ ဆွေးနွေးပွဲကို ဝန်ကြီး ချုပ်ရုံး အစည်းအဝေး ခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

...ည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံမျှမက လွန်စွာရင်းနှီးသောညီအစ်ကိုနိုင်ငံများဖြစ်

...းနှင့်သာယာဝပြောရေး နှစ်နိုင်ငံပူးပေါင်း၍တက်တက်ကြွကြွဆောင်ရွက်သွားမည်

ပြည်ထောင်စု မြန်မာနိုင်ငံ တော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗို ရာချစ်တို့ **Lao Plaza Hotel** ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြပြီးနောက် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန် အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

မြန်မာချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့အား တည်ခင်းဧည့်ခံ သော ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် လာအိုပြည်သူ့ ဒီမို ကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ နှုတ်ခွန်း ဆက် ဆုတောင်းစကားများ အသီးသီးပြောကြားစဉ်။(သတင်းစဉ်)

အမျိုးသား လွှတ်တော်ရှေ့ ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံ တော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗို ရာချစ်တို့ အမျိုးသားလွှတ်တော် အဆောက်အအုံရှေ့၌ကျင်းပသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူငုံ့ပါဗျာ (၅၇)

ကလီကမာအချိုးနဲ့ လာပြန်ပြီတစ်မျိုးလို့ပဲ ပြောရမှာပေါ့ဗျာ။ လုပ်ပေါက်ကိုင်ပေါက်တွေက ဇောက်တိဇောက်ထိုးနဲ့ အောက်သိုးသိုးအနံ့တွေ တလှိုင်လှိုင်သင်းပြီး အတင်းအဖျင်း အထုပ်စုတ်ကို သတင်းလုပ်ထုတ်လွှင့်တဲ့နေရာမှာတော့ ကမ္ဘာကျော်မုသာဝါဒီ BBCနဲ့ VOAတို့ဟာ နံပါတ်ဝမ်း ဂဏန်းတစ်ပေါ့ဗျာ။

အခုလဲ လုပ်ချလိုက်ပြန်ပြီဗျာ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ၂၆ရက်နေ့ နံနက်၆နာရီမှာ BBCအသံလွှင့်ဌာနက ကဗျာဆရာဦးကြည်တင်ဦး ကွယ်လွန်မှုနှင့်ပတ်သက်၍ AAPP အဖွဲ့မှ ကိုတိတ်နိုင်အား ဆက်သွယ်မေးမြန်းတင်ပြချက်ဆိုပြီး ဗျူးခန်းနဲ့အရှုးအနှမ်းတွေလို ထုတ်လွှင့်ခဲ့သဗျ။

အဲ့...VOA အသံလွှင့်ဌာနကလဲ ဇူလိုင်လ ၂၆ရက်နေ့ ည ၉နာရီမှာပဲ ကဗျာဆရာ ဦးကြည်တင်ဦး၏ သမီးဖြစ်သူနှင့် ဆက်သွယ်မေးမြန်းချက်ဆိုပြီး BBC ကို အားကျမခံ ဗျူးခန်းနဲ့ တစ်မျိုးတစ်ဘာသာ ထုတ်လွှင့်လာပြန်သဗျ။

သို့ကလိုမျိုး မရိုးသားတဲ့ ဗျူးအကြံအဖန်တွေနဲ့ ထုတ်လွှင့်သွားသမျှ ပေါက်စက လိုရင်းလောက် ကောက်နုတ်ပြောရရင် ထောင်ဒဏ်ကျခံပြီး ၂၀၀၄ခုနှစ် မတ်လ၂၆ရက်နေ့က လွတ်မြောက်လာတဲ့ ကဗျာဆရာ ကြည်တင်ဦးဟာ ဇူလိုင် ၂၄ရက်နေ့မှာ သေဆုံးသွားတဲ့အတွက် BBC က AAPP အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးတိတ်နိုင်ကို ဆက်သွယ်မေးမြန်းသတဲ့ ခင်ဗျာ။

အဲသလို မေးမြန်းတဲ့အခါမှာ AAPPအတွင်းရေးမှူးဆိုသူ တိတ်နိုင်က ဦးကြည်တင်ဦးဟာ ထောင်ထဲကရလာတဲ့ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါနဲ့ ကွယ်လွန်သွားတာ ဖြစ်တယ်ပေါ့ဗျာ။ အဲသဟာအပြင် ဦးကြည်တင်ဦးရဲ့ခြေမက ပုပ်နေသတဲ့ဗျာ။ အဲသဟာရဲ့ အဲသဟာအပြင် ဦးကြည်တင်ဦးရဲ့ ပေါင်မှာလဲ စစ်ကြောရေးဌာနမှ ဝါးချွန်တွေ၊ ဝါးတွေနဲ့ အထိုးခံအရိုက်ခံထားရလို့ ဝါးစလေးတွေတောင် ထွက်ထွက်လာသေးသတဲ့ဗျာ။

ထိုနည်းလည်းကောင်းပေါ့လေ၊ VOAက ဦးကြည်တင်ဦးရဲ့ သမီးဖြစ်သူကို ဆက်သွယ်မေးမြန်းတဲ့အခါမှာ အရင်တုန်းကတည်းက သူ့အဖေဟာ သွေးတိုးရောဂါတော့ ရှိခဲ့တယ်တဲ့ဗျာ။ ထောင်ကလွတ်ခါနီးမှာ အင်းစိန်ဆေးရုံမှာ ဆေးဝါးကုသခံရသေးတယ်တဲ့ဗျာ။

ကဲ...ရှင်းလောက်ပါပြီခင်ဗျာ၊ နယ်စပ်ဒေသ ချောင်ကြိုချောင်ကြားမှာ ခိုကပ်စားနေရတဲ့ AAPP ကလီကမာ အတွင်းရေးမှူး တိတ်နိုင်က BBC သောတရှင်ပရိသတ် အပေါင်းအတွက် မျက်ရည်စက်လက်နဲ့ အလွမ်းသယ်ပြသလို သွေးတိုးရောဂါဟာ အကျဉ်းထောင်ထဲက ရလာတာမဟုတ်သလို ဦးကြည်တင်ဦးရဲ့ ခြေမပုပ်နေတာကော၊ ပေါင်မှာ ဝါးစတွေ ထွက်ထွက်နေတာကော အကြားအမြင် ပညာရှင်အလား မဟားတရား လုပ်ကြံလိမ်ညာ ပြောဆိုတတ်တဲ့ အတတ်ပညာကတော့ ရှာမှရှားပဲဗျာ။

ဘယ်လိုတွေလဲဗျ၊ AAPP က ပြည်ပြေးဝရမ်းပြေး အုပ်စုတွေနဲ့ ပြည်တွင်းမှာရှိနေတဲ့ ဘေးထိုင်ဘိုင်ကျဘုပြော ငါတကောကောနေတဲ့ နိုင်ငံရေးဇာတ်ပျက် လူတန်းစားတွေက မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို ဘက်ပေါင်းစုံမှာ အဖျက်ပေါင်းစုံလင်စွာနဲ့ ယုံချင်စရာမရှိအောင် ထိပါးပုတ်ခတ်ပြီး လုပ်ကြံဖန်တီးသိက္ခာချတဲ့ နည်းတွေထဲမှာ နာရေးအသုဘကိုတောင် ချမ်းသာမပေးဘဲ နိုင်ငံရေး အမြတ်ထုတ်ကြတာကတော့ အောက်တန်းကျလွန်းသဗျ။

ဘယ့်နှယ်ဗျာ၊ အကျဉ်းထောင်ကလွတ်လာပြီး တစ်လနဲ့သေသေ၊ တစ်နှစ်မကလို့ ဆယ်နှစ်ကြာမှပဲ သေသေ အကျဉ်းထောင်ထဲမှာ ညှဉ်းဆဲလို့၊ နှိပ်စက်လို့၊ စစ်ကြောရေးလုပ်တုန်းက မတရားနှိပ်စက်ခံရလို့၊ ထောင်ထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုမရှိလို့ အဲဒီဒဏ်တွေ၊ ရောဂါတွေနဲ့သေတာဖြစ်တယ်လို့ လုပ်ဇာတ်ခင်းငိုချင်းချ စွပ်စွဲပုတ်ခတ်ကြသလို အကျဉ်းထောင်ထဲမှာ သေပြန်တော့လဲ အချိန်မီဆေးကုသခွင့်ရအောင် လွှတ်မပေးလို့ အပြင်မှာဆေးကုသခွင့်ရရင် သေမှာမဟုတ်ဘူးဆိုပြီး အစိုးရအပေါ် အပြစ်ပုံချ၊ စွပ်စွဲပုတ်ခတ်တဲ့ အလွမ်းဇာတ်လမ်းတစ်ပုဒ် လုပ်ကြံဖန်တီးကြတယ်ဗျာ။

ခက်တော့လဲ အခက်သားလားဗျ၊ အာဏာဆိုတဲ့လောဘနဲ့ မနာလိုဝန်တိုတဲ့ မစ္ဆရိယစိတ်က အမှောင်ပိတ်ဖုံးသလို ဂိတ်ဆုံးအထိရောက်နေတဲ့ မောဟတရားက လွှမ်းနေတော့ ပရမ်းပတာစကားတွေပြောပြီး တဝဲဝဲရယ်တဲ့ တလည်လည်ဖြစ်နေကြပါကလားလို့ ပေါက်စ သနားမိသဗျ။

အဲ...ပေါက်စလေ့လာမှတ်သားဖူးသမျှ တရားသဘောနဲ့ ပြောရရင် လူဆိုတာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ ဖြစ်စဉ်အရ ဇာတိဆိုတဲ့ မွေးဖွားခြင်းနဲ့အတူ ဇရာဆိုတဲ့ အိုခြင်း၊ ဗျာဓိဆိုတဲ့နာခြင်း၊ မရဏဆိုတဲ့ သေခြင်းတို့ဟာလဲ ရှောင်ကွင်းမရနိုင်သလို သေခြင်းတရားဆိုတာ နေရာမရွေး၊ အချိန်မရွေး ဖြစ်တတ်တဲ့အတွက် "မျက်စိတစ်မှိတ် လက်ဖျစ်တစ်တွက်" ဆိုတဲ့ တရားသဘော ဆောင်ပုဒ်ရှိခဲ့တယ်ဗျာ။ အဲသဟာကြောင့် ဘယ်ပုဂ္ဂိုလ်ဘယ်သူပဲဖြစ်ဖြစ် ထောင်ထဲကလွတ်လာပြီးမှ သေချင်လဲ သေမှာပဲဗျာ။

ပေါက်စ

ထိုနည်းတူစွာပေါ့ဗျာ၊ ပေါက်စ ကြားနာခဲ့ဖူးတဲ့ သာသနာပြုဓမ္မကထိကဆရာတော် အရှင်ဉာဏိဿရက "ဘဝတန်ဖိုး"ဆိုတဲ့ တရားဒေသနာကို ချီးမြှင့်ဟောကြား လမ်းညွှန်ဆုံးမသွားတဲ့အထဲမှာ "ရုပ်ရှိရင် ရောဂါရှိမှာပဲ"တဲ့ ခင်ဗျ။ ခန္ဓာကိုယ်ရုပ်ကြီးရှိနေသမျှ ရောဂါဆိုတာ ရှိနေတယ်ဆိုတဲ့ ဆရာတော်ရဲ့ တရားဓမ္မအမြင် သွန်သင်ဆုံးမသြဝါဒကို ပေါက်စ ကိုးကားရည်ညွှန်းပြီး ပြောရရင် ရောဂါဆိုတာ ထောင်ထဲမှာနေလဲ ရှိနေမှာပဲ၊ အပြင်မှာနေလဲရှိမှာပဲ။ ဘာလို့လဲဆိုတော့ ခန္ဓာကိုယ်ရုပ် ရှိနေကြတာကိုးခင်ဗျ။

ထားလိုက်ပါတော့ဗျာ၊ ပြောရရင်တော့ **အကျဉ်းထောင်မှာရှိနေတဲ့ ဦးကြည်တင်ဦးလို အကျဉ်းသားတွေဟာ ထောင်ထဲမှာ ဘာအလုပ်မျှ မလုပ်ရဘဲ အချိန်မှန်စား၊ အချိန်မှန်အိပ်နဲ့ ဇိမ်နဲ့နေရတာပါခင်ဗျ။ အဲ-အဲ ကျန်းမာရေးအရလဲ အကျဉ်းထောင်ဆရာဝန်တွေက ပုံမှန်ဆေးစစ်ပေး၊ ကုသပေးတဲ့အပြင် လိုအပ်လာရင် အထူးကုဆရာဝန်တွေ၊ သမားတော်ကြီးတွေက ဆေးစစ်တယ်ဗျာ၊ ကုပေးတယ်ဗျာ။ အပြင်ဆေးရုံတွေမှာ တက်ရောက်ကုသစေတယ်ဗျာ။ အဲသဟာကိုပဲ ထောင်ထဲရောက်မှ ရောဂါတွေက မိုးပေါ်ကကျလာသလိုမျိုး အချိုးမပြေတဲ့ စကားတွေနဲ့ မဟားတရား ပုတ်ခတ်စွပ်စွဲနေတာဟာ အကျဉ်းသားတွေအတွက် စေတနာမဟုတ်တဲ့ ဒေါ်လာဝေဒနာ အစုတ်အပဲ့တွေပဲဖြစ်တယ်**လို့ ပေါက်စပြောရင် မလွန်ပါဘူးခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ အခုလိုမျိုး အကျဉ်းထောင်ထဲမှာ အချိန်မှန်စား၊ အချိန်မှန်အိပ်ပြီး စားရေး၊ သောက်ရေး၊ နေရေးထိုင်ရေးကအစ ကျန်းမာရေးအထိ ဘာသောကမျှမရှိ ဇိမ်ရှိရှိနေထိုင်နိုင်ခဲ့ပေမယ့် အကျဉ်းထောင်က လွတ်လာတဲ့အခါမှာ မိသားစု စားဝတ်နေရေးတို့၊ လူမှုရေး၊ စီးပွားရေးပြဿနာတို့စတဲ့ အိမ်ထောင်စု မိသားစုတာဝန်တွေအတွက် ရှာရဖွေရတာတွေ၊ ပြေးလွှား လှုပ်ရှားရတာတွေ၊ ပူပန်သောကဖြစ်ရတာတွေအပြင် ထောင်ထဲမှာလို အချိန်မှန်မစားနိုင်၊ မအိပ်နိုင်ဘဲ စိတ်ဖိစီးမှုတွေနဲ့ ရှိပြီးသားရောဂါအခံကို ဒဏ်ခတ်သလို ပြန်ပေါ်လာစေတာမျိုးလဲ ဖြစ်တတ်ပါတယ်ခင်ဗျာ။

ပြောမယ်ဆိုရင် ဦးကြည်တင်ဦးဟာ ၂၀၀၄ခုနှစ် မတ်လ ၂၆ရက်နေ့က လွတ်လာပြီးတဲ့နောက်ပိုင်းမှာ အိပ်ရာထဲလဲနေတဲ့ ရောဂါသည်မဟုတ်ပါဘူးခင်ဗျာ။ ရန်ကုန်မြို့ထဲမှာရှိတဲ့ သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေထဲမှာ ကျန်းကျန်းမာမာ သွားလာနေတာ တွေ့နေမြင်နေရသလို (၃၃)လမ်းထဲက လေထန်ကုန်းတို့၊ ကုန်သည်လမ်း စာပေဗိမာန်ရှေ့က လေထန်ကုန်းတို့မှာ သွားထိုင်နေတာတွေလဲ တွေ့နေမြင်နေရတယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ၊ ဦးတင်ကြည်ဦးတို့လို နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိတဲ့သူတွေဟာ အသွားအလာ အနေအထိုင်၊ အသောက်အစားတွေကို ကိုယ့်ကျန်းမာရေး အခြေအနေနဲ့အညီ သတိထားပြီး သွားလာနေထိုင် သောက်စားတာမျိုးဖြစ်မှလဲ ရောဂါအခံက သက်သာပျောက်ကင်းနိုင်ပါတယ်ခင်ဗျာ။ အဲ...ကိုယ့်ကျန်းမာရေးနဲ့ ကိုယ့်ရောဂါအခံကို သတိမထားဘဲ သွားဟဲ့၊ လာဟဲ့၊ သောက်ဟဲ့၊ စားဟဲ့ဆိုရင်တော့ ရှိပြီးရောဂါအခံအပြင် အဲဒီရောဂါနဲ့ နီးစပ်ရာ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေ၊ ရောဂါအထွေထွေက တစ်လှေကြီးဝင်လာတတ်တယ်လို့ သွားလေသူ ပေါက်စရဲ့ဘကြီး ဘိန္ဓောဆရာကြီးက ပြောဖူးဆိုဖူးခဲ့တယ်ဗျာ။

အဲ ...အဲ အခုလိုတွေ ပေါက်စအရစ်ရှည် ပေများစွာနဲ့ ဓမ္မကထိကယောင်ယောင်၊ ဗိန္ဓောဆရာယောင်ယောင် တရားတွေဟော၊ စကားတွေ ပြောပြောပြီး AAPP ဂိုဏ်းနဲ့ BBC တို့ရဲ့ဗျူးခန်းက စူးစမ်းဆင်ခြင်မှုမရှိဘဲ အရူးအနှမ်းအမြင်တွေနဲ့ လုပ်ကြံဖန်တီးထုတ်လွှင့်ခဲ့တဲ့ အတင်းအဖျင်း အထုပ်အစုတ်ကို အလုပ်တစ်ခုလို ရှင်းနေ၊ လင်းနေရတဲ့အတွက် ကိုယ့်ကိုယ်ကိုပြန်ပြန် သနားသလို ဖြစ်မိသဗျ။

ကဲ...လိုရင်းသဘောပြောပါ့မယ်ခင်ဗျ၊ ဦးကြည်တင်ဦး သေဆုံးတာဟာ နိုင်ငံတော်အစိုးရနဲ့ ဘာကမျှ မပတ်သက်၊ မဆက်နွှယ်ပါဘူးခင်ဗျာ။ BBC တို့ VOAတို့နဲ့ AAPPတို့ ထုတ်လွှင့်ကြေညာပုတ်ခတ်စွပ်စွဲလာသလို အကျဉ်းထောင်ထဲက စွဲကပ်ပါလာတဲ့ရောဂါနဲ့ သေဆုံးတာမဟုတ်ဘဲ မူလပကတိရှိရင်းစွဲရောဂါနဲ့ သေဆုံးတာ ဖြစ်ပါတယ်ခင်ဗျာ။ ဖြစ်စဉ်အမှန်က ဦးကြည်တင်ဦးဟာ မတ်လ ၂၆ရက်နေ့မှာ ထောင်ကလွတ်လာပြီးတဲ့နောက် လေးလအတွင်း သွားသွားလာလာ၊ နေရင်းထိုင်ရင်းနဲ့ ဇူလိုင်လ၁၈ရက်နေ့မှာ လေဖြတ်သွားတဲ့အတွက် ဆေးရုံတက်ခဲ့သဗျ။ ဆေးရုံက ဆရာဝန်များ၊ သမားတော်များရဲ့ စမ်းသပ်စစ်ဆေးမှုအရ ဦးကြည်တင်ဦးဟာ မူလရှိရင်းစွဲ သွေးတိုးရောဂါအပြင် ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေပါ ဆင့်ပွားဖြစ်နေတာကို တွေ့ရတယ်ဗျာ။ အဲ...ဇူလိုင်လ ၂၄ရက်နေ့မှာ ဦးကြည်တင်ဦးဟာ နှလုံးသွေးကြောပိတ်ရာက သေဆုံးသွားတာ ဖြစ်ပါတယ်ခင်ဗျာ။

ပေါက်စ အထူးအထွေ ပေရှည်ဖို့ မလိုအောင် ရှင်းလောက်၊ လင်းလောက်ပြီဖြစ်တဲ့အတွက် စကားတစ်ထောက်နားပြီး နိဂုံးကမ္ပတ် အဆုံးသတ်ပါတော့မယ်ခင်ဗျာ။ အခုလိုတွေ ညစ်ပေပေစိတ်ထားနဲ့ အဘိဓ္ဈာပွားပြီး သိက္ခာတရားဆိုတာ ချိုနဲ့လားလို့ နားလည်ယဉ်ပါးမှုမရှိတဲ့အထိ အသိမဲ့ကင်း၊ ဖောက်ပြန်ခြင်းအစုံစုံကို ဂုဏ်ယူစွာ ကျူးလွန်နေကြတဲ့ AAPP က ပြည်ပြေးများနဲ့အတူ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ်တဲ့ အတင်းအဖျင်း အထုပ်အစုတ်မှန်သမျှ ဘာတစ်ခုမျှမကျန်ရအောင် ကန်ထရိုက်လိုင်စင်ဆွဲပြီး ထုတ်လွှင့်ပေးနေတဲ့ BBCနဲ့VOAတို့ဟာ ဦးကြည်တင်ဦးရဲ့ နာရေးအသုဘကိုတောင် မရှောင်တော့ဘဲ အမြတ်ထုတ် လုပ်စားဖို့ ကြံလာဖန်လာတာမျိုးကတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူငုံ့ပါဗျာ** ဆိုတဲ့စကားနဲ့ ပေါက်စအပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအပေါင်းက ကောင်းချီးသြဘာပေးလို့ ဝေးဝေးရှောင်ကြမယ့်အကြောင်း စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။

အကျဉ်းထောင်မှာရှိနေတဲ့ ဦးကြည်တင်ဦးလို အကျဉ်းသားတွေဟာ ထောင်ထဲမှာ ဘာအလုပ်မျှမလုပ်ရဘဲ အချိန်မှန်စား၊ အချိန်မှန်အိပ်နဲ့ ဇိမ်နဲ့နေရတာပါခင်ဗျ။ အဲ-အဲ ကျန်းမာရေးအရလဲ အကျဉ်းထောင်ဆရာဝန်တွေက ပုံမှန်ဆေးစစ်ပေး၊ ကုသပေးတဲ့အပြင် လိုအပ်လာရင် အထူးကုဆရာဝန်တွေ၊ သမားတော်ကြီးတွေက ဆေးစစ်တယ်ဗျာ၊ ကုပေးတယ်ဗျာ။ အပြင်ဆေးရုံတွေမှာ တက်ရောက်ကုသစေတယ်ဗျာ။ အဲသဟာကိုပဲ ထောင်ထဲရောက်မှ ရောဂါတွေက မိုးပေါ်ကကျလာသလိုမျိုး အချိုးမပြေတဲ့ စကားတွေနဲ့ မဟားတရား ပုတ်ခတ်စွပ်စွဲနေတာဟာ အကျဉ်းသားတွေအတွက် စေတနာမဟုတ်တဲ့ ဒေါ်လာဝေဒနာ အစုတ်အပဲ့တွေပဲဖြစ်တယ်။

ရွှေဘိုမြို့နယ်အုန်းပေါက်ကျေးရွာ၌ စက်ရေတွင်းဖွင့်

ရန်ကုန် ဩဂုတ် ၁၁

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေပေးရေး အုန်းပေါက်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဇူလိုင် ၂၈ရက် နံနက်၈နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ ရွှေဘိုခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေ၊စက်ရေတွင်းအလှူရှင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အာရှဖွံ့ဖြိုးရေးဘဏ်နေ ဒေါက်တာစိန်တင် (တွဲဖက်အမှုဆောင်ဒါရိုက်တာ)၊ ဇနီး ဒေါ်ညွန့်ညွန့်ရွှေတို့ ကိုယ်စားဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်း၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်က စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ဦးငွေသိန်းနှင့် အလှူရှင်၏သား ဦးစိန်လွင်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အုန်းပေါက်ကျေးရွာ စက်ရေတွင်းကို အဖွဲ့ရန်ပုံငွေမှကျပ်၂၃၄၁၅၂၊ နိုင်ငံတော်မှ ကျပ်၃၀၀၀၀၀နှင့် အလှူရှင် ထည့်ဝင်ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ၁၀၃၄၁၅၂ ကျပ် အကုန် အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စက်ရေတွင်းမှာ အကျယ် နှစ်လက်မ အနက် ပေ ၂၄၀ဖြစ်ကာ ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန်၂၀၀၀ထွက်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပလမင်းထင်တံတားနှင့်မြို့တွင်းလမ်းများ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဗလမင်းထင်တံတားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် တံတားတစ်ဖက်တစ်ချက်ရှိ မြစ်ကမ်းပါးများ ပြိုကျ ပျက်စီးမှုမှ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက် နေမှုများ၊ မြစ်ကြီးနားမြို့တွင်းလမ်းများနှင့် အဓိကကျသည့်လမ်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းရေကျော်မှုများ ကာကွယ်ရေးနှင့် ကတ္တရာ ရေပိတ်လွှာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့အား သက်ဆိုင်ရာပြည်သူ့ဆောက်လုပ်ရေးနှင့် ပြည်နယ်စည်ပင် သာယာရေးဌာနများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၁

တောင်ဥက္ကလာပမြို့နယ် မြင်သာ ၁၅ ရပ်ကွက် သာသနာအမှတ်(၆)ဝိုင်း ၁ လမ်းရှိ သစ္စာဒီပက ဓမ္မရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆရာတော်၏ မွေးနေ့ ဝါခေါင်လတရားစခန်းကို ဩဂုတ်၂၀ရက်မှစ၍နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ သစ္စာဒီပက ဝိပဿနာ နာယကကြီး ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယနည်းအတိုင်း ကမ္မဋ္ဌာနာစရိယ (ဓမ္မာစရိယ) ဆရာတော် အရှင်ဣန္ဒောဘာသက ဟောပြောပြသမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုသူများသည် ဩဂုတ် ၁၉ရက် ညနေ အရောက် လာရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က–ပ)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ငရုန်တောင် ရေနံအစမ်းတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနကထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၆)နှင့်အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မြွက်ကြားခဲ့သည့် ဩဝါဒစကားနှင့် သတင်း၊ မောင်ဆုရှင်၊ ချစ်နိုင်(စိတ်ပညာ)၊ ချောင်းဆုံအုန်းသွင်၊ ညွှန့်ဟံ(ကြူတော)၊ တက္ကသိုလ်သခ်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ချစ်ထွေး(မဟာ ဝိဇ္ဇာ)၊ ဇီးကုန်းလူမော်၊ တက္ကသိုလ်ဘုန်းမြင့်ဆွေတို့၏ မှတ်ဖွယ်ဆောင်းပါးများ၊ ခြိမ့်နိုင်၏ ဘဝအားမာန်ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေ ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂–၈–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Evaryday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ ဓာတုဗေဒထူးပြုများ) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၃၀ ၇။ **"သတိတစ်ချက် တစ်သက်အမှား"** (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင်) (ဒါရိုက်တာ စောစန္ဒာလှိုင်)
၁၇:၄၅ ၈။ မြန်မာစာ မြန်မာစကား
၁၈:၀၀ ၉။ တေးဂီတအစီအစဉ်
၁၈:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"**(အပိုင်း–၁)
၁၉:၃၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၅။ မြန်မာ့ခြင်းလုံး
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ဇောာဒသမအကြိမ်(၁၁)ကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ "ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး" (ပထမဆု)(ရန်ကုန်တိုင်း–၁) (ဒုတိယပိုင်း)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ချောက်ရေနံမြေစစ်ဆေး ငွေးချို၊ ငရုန်တောင်ဒေသ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့တွင်းသစ်များ တူးဖော်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်း၊ ချောက်မြို့နယ် ချောက်ရေနံမြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက လက်ရှိထုတ်လုပ်နေမှု၊ ဌာနအသီးသီးအလိုက်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရေနံမြေလုံခြုံရေး၊ ငွေကြေးသုံးစွဲမှု စနစ်တကျရှိရေး၊ ရိုးရိုးသားသားဖြင့် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

အစီအမံများချမှတ်ပေး

ထို့နောက် ဝန်ကြီးသည် ချောက်ရေနံမြေပစ္စည်းစီမံဌာနသို့ ရောက်ရှိပြီး မြစ်ဖြတ်ပိုက်လိုင်းများတွင် အသုံးပြုရန်အတွက် ၁၀ လက်မပိုက်များ ကွန်ကရစ်ဖုံးအုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ချောက်ရေနံမြေတွင်းသစ်အမှတ်(၁၁၅၄)သို့ ရောက်ရှိပြီး တွင်းနေရာပြင်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ရည်မှန်း အနက်ပေ ၈၀၀၀ကျော်သို့ သတ်မှတ်ရက်အတွင်း အချိန်မီရောက်ရှိရေး၊ သာကြီးတောင်၊ စပယ်၊ အရာတော် ဒေသများတွင် ဆက်စပ်လျက်ရှိသည့် ဘူမိအနေအထားများအား ဆိုက်စမစ်တိုင်းတာခြင်း၊ လေ့လာသုံးသပ်ခြင်း လုပ်ငန်းများကို သေချာအောင်ဆောင်ရွက်ပြီး ရှာဖွေရေးတွင်းများ ဆက်လက်တူးဖော်သွားနိုင်ရေးဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

လျာထားချက်သတ်မှတ်ပေး

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ(စလေ)သို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံ ဓာတု ဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက စက်ရုံ(က)၏ နှစ်ပတ်လည် ပြုပြင်မွမ်းမံနေခြင်းလုပ်ငန်းကို အချိန်မီပြီးစီးရေး၊ သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေတို့ကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထုတ်လုပ်ရမည့် လျာထားချက်များကို သတ်မှတ်ပေးသည်။

ယင်းနေ့ ညနေပိုင်းတွင် ဝန်ကြီးသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ငရုန်တောင်ဒေသသို့ သွားရောက်၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Chinnery Assests Limited (CAL)မှ စမ်းသပ်တူးဖော်လျက်ရှိသော ငရုန်တောင်ရေနံအစမ်းတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား တူးဖော်ရေးလုပ်ငန်းခွင်တွင် Chinnery Assests ကုမ္ပဏီ တာဝန်ရှိသူတို့က လက်ရှိတူးဖော်နေမှုအခြေအနေ၊ တူးဖော်နေစဉ်တွေ့ရှိရသည့် သဲကြောများ၏အလားအလာတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ငွေးချို၊ငရုန်တောင်ဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာများကို ပိုမိုသေချာစွာ သိရှိနိုင်ရန်အတွက် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်သွားနိုင်ရေး၊ တူးဖော်နေစဉ်အတွင်း Pressure ကို အထူးဂရုစိုက်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် မှာကြားပြီး တွင်းတူးဖော်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဒုတိယဝန်ကြီး အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၁

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယ သမ္မတနိုင်ငံ ရထားလုပ်ငန်းများလေ့လာရန် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီခွဲတွင် အိန္ဒိယလေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ဒုတိယဝန်ကြီး ဦးဖေသန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသန်းဌွေးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအလွန်ကောင်းနေ

ရန်ကုန် ဩဂုတ် ၁၁

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်း၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဩဂုတ် ၁၂ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များလက်ရှိအချိန်အထိ အန္တရာယ်ကင်းစွာပြေးဆွဲလျက်ရှိ ယာဉ်ပိုင်ရှင်များကိုယ်တိုင် လိုလိုလားလား နှစ်ခြိုက်စွာအသုံးပြုလိုကြောင်းသိရှိရ သဘာဝဓာတ်ငွေ့ သုံးမော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရေးညှိနှိုင်းဆောင်ရွက်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် ဩဂုတ် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စက်မောင်းဆီသုံးစွဲသော မော်တော်ယာဉ်များကို သဘာဝ ဓာတ်ငွေ့ (Compressed Natural Gas) ဖြင့် အစားထိုးမောင်းနှင်သုံးစွဲမည့် သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားသည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာန ဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်မောင်းဆီသုံးစွဲနေသော မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ရေးစီမံချက်နှင့်စပ်လျဉ်းသည့် ရည်ရွယ်ချက်များ၊ ခန့်မှန်းကုန်ကျစရိတ်များ၊ သဘာဝဓာတ်ငွေ့သုံးစွဲမှု အခြေအနေ၊ ပြောင်းလဲတပ်ဆင်မည့် ယာဉ်အမျိုးအစားများ၊ ယင်းသို့ပြောင်းလဲ တပ်ဆင်သဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (ကမ်းလွန်)ဦးမြင့်ဌေးက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်၏ နည်းပညာဆိုင်ရာအချက်အလက်များ၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များတွင် တပ်ဆင်ရန်လိုအပ်မည့်ဆလင်ဒါအိုးများ ထုတ်လုပ်ပေးနိုင်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အစည်းအဝေးတက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များ ပြောင်းလဲတပ်ဆင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ လက်တွေ့ပြောင်းလဲတပ်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ၁၉၈၆ခုနှစ်မှစ၍ စွမ်းအင်ဝန်ကြီးဌာနက စမ်းသပ်တီထွင်သုံးစွဲခဲ့ရာ လက်ရှိအချိန်အထိ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြေးဆွဲလျက်ရှိသည်။ ယာဉ်ပိုင်ရှင်များကိုယ်တိုင် လိုလိုလားလားဖြင့် နှစ်ခြိုက်စွာ လက်ခံအသုံးပြုသွားလိုကြောင်းသိရှိရသဖြင့် မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စီးရေအားတိုးမြှင့်တပ်ဆင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သဘာဝဓာတ်ငွေ့ (Compressed Natural Gas)သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် စက်မောင်းဆီများ ချွေတာနိုင်ခြင်း၊ ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိခြင်း၊ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်လာနိုင်ခြင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်မီနည်းပညာများနှင့်အညီ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဒုဋ္ဌဝတီနှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၁

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၁၇ စင်တီမီတာ (ပေဝက်ခန့်)ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း လက်ရှိရေမှတ်၏ အထက်သို့ ပေဝက်ခန့် တက်လာနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၅၂စင်တီမီတာ(နှစ်ပေခန့်) ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဩဂုတ်၁၁ရက်က ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် အဖွဲ့ဝင်များ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုပြပွဲတွင် ကျောင်းသားကျောင်းသူကလေးများ၏ ကျန်းမာရေးဆိုင်ရာများ သရုပ်ဖော်ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်များပြောင်းလဲတပ်ဆင်ရေးနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြစဉ်။

(စွမ်းအင်)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၂၁)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၁

ပါရမီခုံးကျော်အပြီး နာနတ်တောခုံးကျော် လာဦးမည်၊ မြန်မာ့ပထမ ရေဆိုးသန့်စင်စက်ရုံ စက်တင်ဘာလတွင် စတင်လည်ပတ်မည် ရှစ်မြို့နယ်မှ ရေဆိုးများကို စတင်သန့်စင်မည်၊ ပြည်ပပို့ ပရိဘောဂထုတ်လုပ်သည့်စက်ရုံများအား မြန်မာ့သစ်လုပ်ငန်းက အကြွေးစနစ်ဖြင့် သစ်လုံးများ ရောင်းချစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဗြိတိန်စာပို့သမား မင်းသမီး၏ ချက်လက်မှတ်ကို ခိုးယူ၊ နန်းတွင်းတင်းကျပ်သော ထုံးစံအတွင်း ဂျပန်အိမ်ရှေ့မင်းသမီး စိတ်ပင်ပန်းမှုဝေဒနာခံစားနေ၊ ဒီဗွီဒီကူးနိုင်သည့် ဆော့ဖ်ဝဲထုတ်ကုမ္ပဏီအပိတ်ခံလိုက်ရ၊ ပါရာဂွေးကုန်တိုက် မီးလောင်ရာ လူ ၃၀၀ကျော်ဖိတ်စင် ပိုင်ရှင်က ထွက်ပေါက်များအားလုံး ပိတ်ပစ်ခဲ့ စသည့် ဆောင်းပါးစုံလင်စွာဖြင့် e-Empire Media House ဖုန်း–၇၀၃၈၁၃ က ဖြန့်ချိထားသည်။

(က–ပ)

အေသင်အိုလံပစ်ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ် အုပ်စု(ခ)နှင့်အုပ်စု(ဃ)တို့မှအသင်းများယနေ့ ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ATHENS 2004

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၄ခုနှစ် အေသင် အိုလံပစ် အားကစားပွဲတော်ကို ဩဂုတ် ၁၃ရက်မှ စတင်ဖွင့်လှစ် ကျင်းပမည်ဖြစ်သော်လည်း အမျိုးသားဘောလုံးပွဲစဉ်များကို ဩဂုတ်၁၁ရက်တွင် ကြိုတင်ကျင်းပခဲ့ရာ ဩဂုတ် ၁၂ရက် **(ယနေ့)** တွင် အုပ်စု(ခ)မှ ပါရာဂွေးနှင့် ဂျပန်၊ ဂါနာနှင့် အီတလီ၊ အုပ်စု(ဃ)မှ ကော့စတာရီကာနှင့်မော်ရိုကို၊ အီရတ်နှင့် ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အေသင်အိုလံပစ် အားကစားပွဲတော်၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုလေးခုတွင် အကျပ်ဆုံးအုပ်စုမှာ အုပ်စု(ခ)ပင် ဖြစ်သည်။ အုပ်စု(ခ)တွင် ပါရာဂွေး၊ ဂျပန်၊ ဂါနာနှင့် အီတလီတို့ ပါဝင်ကြသဖြင့် မရဏအုပ်စုဖြစ်သည်။ အုပ်စုပွဲစဉ်(၅) အဖြစ် ပါရာဂွေးနှင့် ဂျပန်အသင်းတို့ကစားကြမည်ဖြစ်ရာ ဂျပန်အသင်းသည် အာရှဘောလုံး အင်အားကြီးနိုင်ငံဖြစ်ပြီး လက်ရှိအာရှဖလား နှစ်ကြိမ်ဆက်တိုက် ချန်ပီယံရရှိထားသော ပွပွနွေးနွေးအသင်းမှ အားကစားသမားအချို့ ပြန်လည်ပါဝင်ထားသည်။

ခက်ခက်ခဲခဲကစားရဖွယ်

ဂျပန်အသင်းသည် အိုလံပစ်ဘောလုံးပြိုင်ပွဲသို့ ခြောက်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဖူးရာတွင် ၁၉၆၈ခုနှစ် မက္ကဆီကို အိုလံပစ်ပြိုင်ပွဲတွင် တတိယ၊ ၂၀၀၀ပြည့်နှစ် ဆစ်ဒနီ အိုလံပစ်တွင် ကွာတားအဆင့်ရောက်ရှိခဲ့ဖူးသော ရလဒ်ကောင်းများ ရှိနေသည့်အသင်းဖြစ်သည်။

ခြေစွမ်းရှိ

ဂျပန်နှင့်ကစားရမည့် ပါရာဂွေးအသင်းမှာ လက်ရှိကမ္ဘာ့ချန်ပီယံ ဘရာဇီးကို အေသင်အိုလံပစ်ခြေစစ်ပွဲတွင် အနိုင်ယူကာ ဖြုတ်ချထားနိုင်ခဲ့သောအသင်းဖြစ်ပြီး ခြေစွာနေသောအသင်းဖြစ်သည်။ ပါရာဂွေးအသင်းတွင် ပါရယ်ဒစ်နှင့် ဂါမာရာတို့ပါဝင်မည်ဖြစ်ရာ ဂျပန်တို့အတွက် နောက်တန်းခံစစ်ကို ပိုမိုလုံခြုံအောင်ကာကွယ်ရတော့မည်ဖြစ်သည်။ ပါရာဂွေးအသင်းသည် အိုလံပစ်သမိုင်းတွင် ၁၉၉၂ခုနှစ် ဘာစီလိုနာအိုလံပစ်ပွဲတော်တွင် ကွာတားအဆင့်ထိသာ ရောက်ခဲ့ဖူးသောအသင်း ဖြစ်သော်လည်း ဂျပန်တို့ကို အနိုင်ကစားနိုင်သည့်ခြေစွမ်းရှိနေသည်။

အုပ်စု(ခ)မှ ဂါနာနှင့်အီတလီတို့ အုပ်စုပွဲစဉ်(၆)အဖြစ်ကစားရမည်ဖြစ်ပြီး ဂါနာအသင်းမှာ ဥရောပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် ဘောလုံးသမားအများစုပါဝင် စုစည်းထားသည့်အသင်း ဖြစ်သည်။ ဂါနာအသင်းတွင် ပင်ပေါင်၊ ပိုကူး၊ အက်ပီးယားစ်နှင့် မွန်တာနီတို့ကို အဓိကထားပြီးကစားမည်ဖြစ်ရာ စုစည်းမှုကောင်းပြီး အုပ်စုဖွဲ့ ထိုးဖောက်ကစားနိုင်ကြသည်။

အိုလံပစ်သမိုင်းတွင် ငါးကြိမ် ခြေစစ်ပွဲအောင်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ဖူးရာ ၁၉၉၂ခုနှစ် ဘာစီလိုနာအိုလံပစ်၌ တတိယရရှိခဲ့ဖူးသည့်အသင်းဖြစ်သော်လည်း အုပ်စု(ခ)တွင် အိုလံပစ်ချန်ပီယံအဖြစ် ရေပန်းစားနေသော အီတလီအသင်းကို ကျော်လွှားရန် လွယ်ကူမည်မဟုတ်ပေ။

အစဉ်အလာကောင်းရှိ

အီတလီအသင်းသည် ယခုနှစ် အေသင်အိုလံပစ်တွင် ဖိုလ်စွဲမည်ဟု နာမည်ကြီးနေသော အသင်းဖြစ်ပြီး တိုက်စစ်မှူးများဖြစ်သည့် ဂီလာဒီနိုနှင့် ဘိုနရီတို့အပြင် ပီယာလို၊ ဇိုလီနှင့် ဖာရာရီတို့လည်းပါဝင်သဖြင့် တောင့်တင်းခိုင်မာသော အသင်းလည်းဖြစ်

အေသင် အိုလံပစ် အားကစားပွဲတော်၏ ဘောလုံးပြိုင်ပွဲ၌ အုပ်စု(ခ)တွင် ဂျပန်အသင်းနှင့်ကစားမည့် ပါရာဂွေးအသင်းမှကာလိုစ် ဂါမာရာ (ယာ) နှင့် ဂျို့ကာဒိုဇို တို့အေသင်အားကစား လေ့ကျင့်ရေးကွင်း၌ လေ့ကျင့်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သည်။ တိုက်စစ်မှူး ဂီလာဒီနိုသည် ဂိုးသွင်းအားကောင်းသူတစ်ဦးဖြစ်ရာ ဂါနာခံစစ်မှူးများ အထူးသတိထားရမည့်သူဖြစ်သည်။ အီတလီအသင်းသည် အိုလံပစ်သမိုင်းတွင် (၁၂)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၃၆ ခုနှစ် ဘာလင်အိုလံပစ်၌ ဖိုလ်စွဲဖူးသည့် အစဉ်အလာကောင်းရှိနေသည်။

အီတလီတို့ ဂါနာအသင်းကို လက်ရှိခြေစွမ်းအရ နိုင်ခြေရှိသော်လည်း အသည်းအသန်ကစားရဖွယ်ရှိနေသည်။

ကြိုးစားရဦးမည်

အုပ်စုပွဲစဉ်(၇) အဖြစ် အုပ်စု(ဃ)မှ ကော်စတာရီကာနှင့် မော်ရိုကို အသင်းတို့ ယှဉ်ပြိုင်ကြရမည် ဖြစ်ရာ ကော်စတာရီကာမှာ အိုလံပစ် သမိုင်းတွင် အောင်မြင်မှု မရရှိခဲ့ဖူးသော အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းအရ မော်ရိုကို အသင်းကို အနိုင်ရရှိရန် မလွယ်ပေ။

မော်ရိုကိုအသင်းမှာလည်း အိုလံပစ် သမိုင်းတွင် မှတ်တမ်းတင်လောက်အောင် အစဉ်အလာမရှိသောအသင်းဖြစ်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် တာအိုအီနှင့် ဘောတစ်တို့အတွဲညီကာ တစ်ဖက်အသင်း နောက်တန်းကို ထိုးဖောက်ကစားနိုင်ပြီး ဂိုးရအောင်သွင်းနိုင်သူများဖြစ်သည်။

အုပ်စုပွဲစဉ်(၈)အဖြစ် အုပ်စု(ဃ)မှ အီရတ်နှင့် ပေါ်တူဂီတို့ကစားရမည်ဖြစ်ရာ အိုလံပစ်သမိုင်းတွင် ပထမဆုံးအကြိမ် တွေ့ဆုံကစားရမည့်ပွဲ ဖြစ်သည်။ အုပ်စု(ဃ) အသင်းများတွင် အိုလံပစ်ချန်ပီယံအဖြစ် နာမည်ကြီးနေသောအသင်းဖြစ်သည့် ပေါ်တူဂီအသင်းတွင် ရော်နယ်ဒို၊ ဗီယာနာနှင့် အင်ဒရာဒီတို့ ပါဝင်ကြရာ တိုက်စစ်အားကောင်းသည့် အသင်းဖြစ်သည်။ ပေါ်တူဂီသည် အိုလံပစ်သမိုင်းတွင် ၁၉၉၆ခုနှစ်ပြိုင်ပွဲ၌ စတုတ္ထရရှိခဲ့ သောအောင်မြင်မှုရှိနေသည့်အသင်း ဖြစ်ပြီး ယူရို ၂၀၀၄ တွင်လည်း ဒုတိယရရှိခဲ့သည့်အသင်းမှ ကစားသမားများ ပါဝင်သည်။

ပေါ်တူဂီကိုနိုင်ရန်မလွယ်

ပေါ်တူဂီနှင့်ကစားရမည့် အီရတ်အသင်းမှာ အိုလံပစ်သမိုင်း၌ ကွာတားအဆင့်ထိရောက်ရှိခဲ့ဖူးသည့် အသင်းဖြစ်ပြီး ယူနစ်မာမွတ်နှင့် ဟိုင်ဒါအာမက်တို့ ဦးဆောင်ပြီးကစားဖြစ်သည်။ အီရတ်အသင်းသည် အိုလံပစ်ပြိုင်ပွဲကို သုံးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး အမြင့်ဆုံးရလဒ်မှာ ကွာတားအဆင့်ပင်ဖြစ်ရာ လက်ရှိအနေအထားအရ ပေါ်တူဂီတို့ကို အနိုင်ရရှိရန်မလွယ်ပေ။

အီရတ်နှင့် ပေါ်တူဂီတို့ အိုလံပစ်သမိုင်းတွင် ယခုအကြိမ်သည် ပထမဆုံး တွေ့ဆုံခြင်းဖြစ်ရာ အိုလံပစ်ချန်ပီယံဖြစ်လိုမှု ဆန္ဒကြီးမားနေသော ပေါ်တူဂီတို့က အပေါ်စီးမှကစားကာ အနိုင်ရသွားနိုင်မည်ဖြစ်သည်။

အုပ်စု(ခ)တွင် ပါရာဂွေးနှင့် အီတလီအသင်းတို့ အုပ်စုအဆင့်မှ သေချာပေါက်တက်နိုင်မည်ဟု ရေပန်းစားမှုနှင့် အုပ်စု(ဃ)တွင် ပေါ်တူဂီနှင့် မော်ရိုကိုတို့ အုပ်စုအဆင့်မှ တက်မည်ဆိုသော နာမည်ကြီးနေမှုများ လက်တွေ့၌ ဖြစ်မဖြစ်စောင့်ကြည့်ရပေတော့မည်။ ။ **(မြန်မာ့အလင်း)**

မြိုင်ကြီးငူဆရာတော်တရားပွဲ

ရန်ကုန် ဩဂုတ် ၁၁

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်စောင်းတန်းအနီးရှိ ဆွေချမ်းသာမြိုင် ဓမ္မာရုံကြီး၌ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနသည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် ဩဂုတ် ၁၂ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၁ရက်က ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအရ ဗဟန်းမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား သွားနှင့်အထွေထွေရောဂါများကို စမ်းသပ်စစ်ဆေးပေးရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းမောင်နှင့် ဆရာဆရာမများက ကြီးကြပ်ပေးကြစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

တိုင်စန်ကိုအလဲထိုးခဲ့သည့် ဝီလီယမ် ဒဗလျူဘီစီချန်ပီယံကိုစိန်ခေါ်ပြန်

လန်ဒန် ဩဂုတ် ၁၀

ဗြိတိန်နိုင်ငံသား ဒန်နီဝီလီယမ်သည် ပြီးခဲ့သော လကုန်ပိုင်းက ကမ္ဘာကျော်လက်ဝှေ့သမား မိုက်တိုင်စန်ကို အလဲထိုးအနိုင်ယူကာ လန်ဒန်သို့ ပြန်လာပြီးနောက် ဒဗလျူဘီစီဟဲဗီးဝိတ်ချန်ပီယံ မိုက်တာလီကလစ်ရှက်ကိုနှင့်အတူ ကမ္ဘာ့လက်ဝှေ့ချန်ပီယံသရဖူကို ရယူလိုပြန်သည်ဟုဆိုသည်။

အသက် (၃၁)နှစ်ရှိ ဝီလီယမ်သည် အမေရိကန်နိုင်ငံ ကင်တာကီ၌ တိုင်စန်အား စတုတ္ထအချီတွင် အလဲထိုးခဲ့သည်။ မိမိသည် ကလစ်ရှက်ကိုအား ထိုးသတ်ရန် ဆန္ဒပြင်းပြနေကြောင်း၊ ကမ္ဘာ့ဒဗလျူဘီစီချန်ပီယံ ဖြစ်လိုကြောင်း ဝီလီယမ်၏ ပြောကြားချက်ကို ဘီဘီစီက ကိုးကားပြောကြားသည်။ ထိုကိစ္စသည် ရှစ်နှစ်သားကတည်းက အမြဲတမ်းမက်ခဲ့ရသည့် အိပ်မက်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဗြိတိန်နိုင်ငံသား ဝီလီယမ်သည် အမေရိကန်နိုင်ငံ ကင်တာကီ၌ ဇူလိုင်၃၀ရက်က ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်စန်အား စတုတ္ထအချီတွင် အလဲထိုးပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိမိသည် အကောင်းဆုံးလက်ဝှေ့သမားကို အလဲထိုးနိုင်လိမ့်မည်ဟု ယုံကြည်နေမိကြောင်း၊ သို့ဖြစ်၍ နောက်တစ်ဦးကို ထိုးသတ်ရန်ဆန္ဒရှိကြောင်း၊ တိုင်စန်ကို အလဲထိုးနိုင်ရင် ကလစ်ရှက်ကိုအား အလဲထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း ဝီလီယမ်က ထပ်လောင်းပြောဆိုသည်။

ကလစ်ရှက်ကိုသည် ဗြိတိန်နိုင်ငံသား လင်းနော့လူးဝစ်ပေးလိုက်ရသော ဒဗလျူဘီစီ သရဖူကို ဧပြီလက တောင်အာဖရိကမှ ကော်ရီဆန်ဒါးထံမှရယူခဲ့ခြင်းဖြစ်သည်။

နယူးယောက်မှ ပြန်လာသော ဝီလီယမ်က သတင်းထောက်များအား ပြောကြားရာတွင် မိမိသည် နောက်ထပ်သရဖူတစ်ခုကိုရယူဦးမည်ဖြစ်ကြောင်း၊ မိမိ၏နောက်ထပ်ပြိုင်ဘက်နှင့်လည်း အများကြီး ဆွေးနွေးချင်ကြောင်း၊ လောလောဆယ်တွင် မသိသေးကြောင်းပြောကြားသည်။ **(ရိုက်တာ)**

အိုလံပစ် ကြေးတံဆိပ်ရှင် တောင်ကိုရီးယား ဟော်ကီအသင်း နယူးဇီလန်အသင်းနှင့် နှစ်ဂိုးစီသရေကစား

အေသင် ဩဂုတ် ၁၀

ဆစ်ဒနီ အိုလံပစ်ကြေးတံဆိပ်ဆုရှင် တောင်ကိုရီးယား ဟော်ကီအသင်းသည် တနင်္လာနေ့က အေသင်မြို့ အိုလံပစ်ဟော်ကီစင်တာ၌ နယူးဇီလန်အသင်းနှင့် ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေ ဖြစ်သွားသည်။

နယူးဇီလန်နှင့် တောင်ကိုရီးယားအသင်းတို့သည် စောစောပိုင်းက ဂိုးသွင်းခွင့်များရရှိသော်လည်း နယူးဇီလန်အသင်းသည် ရိုက်ချက်သုံးချက်လွဲပြီး တောင်ကိုရီးယားအသင်းသည် ငါးချက်လွဲခဲ့သည်။ ပထမပိုင်းတွင် ပယ်နယ်တီကော်နာများ မရှိခဲ့ပေ။

ဒုတိယပိုင်း သုံးမိနစ်တွင် နယူးဇီလန်အသင်းက တစ်ဂိုးသွင်းခဲ့သည်။ ဒုတိယပိုင်းတွင် တောင်ကိုရီးယားအသင်းက ပယ်နယ်တီကော်နာ ငါးကြိမ်ရရှိခဲ့သည်။ ရှစ်မိနစ်အကြာတွင် လီဂျန်ဆီယွန်က တောင်ကိုရီးယားအသင်းအတွက် ချေပဂိုး သွင်းပေးလိုက်သည်။ ဆယ်မိနစ်တွင် နယူးဇီလန်မှ ယူမက်ပါရက်က တစ်ဂိုးထပ်သွင်းလိုက်ပြီး ၁၂မိနစ်တွင် တောင်ကိုရီးယားမှ ဆိုဂျွန်ဟိုက တစ်ဂိုး သွင်းခဲ့သဖြင့် တောင်ကိုရီးယားနှင့် နယူးဇီလန်အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**



လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

လသာအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း ဘုရားခန်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီးနှင့် ဒုတိယဝန်ကြီး၏ဇနီး၊အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီး၊ လသာမြို့နယ်ပညာရေးမှူးနှင့်၊ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက် ကပ်လှူပူဇော်ကြသည်။

ဘုရားကန်တော့

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ပရိတ်တရားတော်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော သံဃာတော်များက ပရိတ်တရားတော်ချီးမြှင့်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီး၏ဇနီး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာမများနှင့် ကျောင်းသူများက ဝါဆိုသင်္ကန်းများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးက နဝကမ္မအလှူငွေများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ပဋ္ဌာန်သမုပ္ပာဒ်တရား ဟောပြောပို့ချမည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း လှိုင်မြို့နယ် အုတ်ကျင်းမြကန်သာရိပ်သာ ဝိသုဒ္ဓါရာမ စိန်ပန်းကျောင်းတိုက်၌ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ နံနက်၇နာရီမှ ၈နာရီအထိ တရားစခန်းဖွင့်လှစ်၍ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ်တရားတော်များကို မိုးကုတ်နယ်လှည့်ကထိကများဖြစ်ကြသော ဒေါက်တာဦးကျော်မြင့်၊ ဆရာမကြီး ဒေါ်ဝိမလစာရီတို့က ဟောပြောပို့ချမည်ဖြစ်ရာ ဖုန်း-၆၈၃၅၉၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အဝိဋ္ဌာန်အန္တရာယ်ကင်းစေတီ ရွှေထီးနှင့်စိန်ဖူးတော်တင်လှူမည်

ရန်ကုန် ဩဂုတ် ၁၁

မန္တလေးတိုင်း ဝမ်းတွင်းမြို့ရှိ အဓိဋ္ဌာန်အန္တရာယ်ကင်းစေတီတော်အား ရွှေထီးတော်နှင့်စိန်ဖူးတော်အသစ်တင်လှူပူဇော်ပွဲကို ဩဂုတ် ၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် မူလပထမ ပရိတ်ချည်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ ဦးဆောင်တင်လှူပူဇော်မည်ဖြစ်ရာ တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုပူဇော်နိုင်ကြောင်း နှိုးဆော်ထားသည်။**(က-ပ)**

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံတောင် စံပြရပ်ကွက် သာသနာ့ရှေ့ဆောင်ဓမ္မာရုံတွင် ဩဂုတ် ၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် (မုဒုံ)ဘဒ္ဒန္တ ကုသလာနန္ဒ (ပြည်တွင်း၊ ပြည်ပ)နာယက ဆရာတော် ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ မဟာစည်သာသနာ့ရိပ်သာ အမှတ်(၁၆) သာသနာရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်း အရှင်မြတ်က မဟာသတိပဋ္ဌာန် ဝိပဿနာ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မည်ဟု သိရသည်။ **(က-ပ)**



ဇူလိုင် ၃၁ရက်က လှိုင်သာယာမြို့နယ် အောင်မြေသာယာ ရွှေစေတီ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို အောင်ထူးဆန်း ဓမ္မာရုံ၌ ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အတွင်းရေးမှူး ဦးရွှေမန်းတို့က ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တတေဇဝန္တထံ ဝါဆိုသင်္ကန်း ဆက်ကပ်စဉ်။

(၁၈၀)

ဩဂုတ် ၈ရက်က အမက(၂၇)အင်းစိန်မြို့နယ်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းမှ ကျောင်းအုပ်စုတွင် အင်္ဂလိပ်စာ ထူးချွန်ဆုရ မခိုင်စုဝေအား ဆုချီးမြှင့်စဉ်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားခြင်း

ဗဟန်းမြို့နယ် ဇီဝိတသံဃာ့ဆေးရုံကြီးတွင် ဩဂုတ် ၁၄ရက် (စနေနေ့)နံနက် ၉နာရီ၌ မိတ်ဆွေသူငယ်ချင်းများစုပေါင်း၍ ငွေလှူဒါန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာမရသေးသူများ ဆက်သွယ်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးမျိုးသန့်၊ဦးမြတ်ငြိမ်း

ဖုန်း-၅၁၅၀၅၁

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်၄၂၁၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးစိန်ဝင်း) ဂုဏ်ထူးဆောင်ကထိက၊ I.R, YU/DU (ငြိမ်း)၊ မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံပညာရှင်များအဖွဲ့(အဖွဲ့ဝင်)-ဒေါ်ညွန့်ရီတို့၏ သားထွေး

မောင်လှိုင်မင်းဝင်း B.Sc(Zool) Q

(North Andaman Resources Ltd.)

နှင့်

မကွေးမြို့၊ အမှတ်၇၃၊ ရန်ကျော် ၁၀ လမ်းနေ ဦးတင်လှ(ရွှေပန်းထိမ်)-ဒေါ်ပုတို့၏ သမီးထွေး

မကေခိုင်ထွေး B.A(Myanmar)

Manager, Ayeyarwady Fisheries Ltd. (Pathein)

(Yuzana Co., Ltd.)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၅-၇-၂၀၀၄ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လှိုင်မင်းဝင်း-မကေခိုင်ထွေး။

The Student's Digest (အထူး)ဖြန့်ချိမည်

နဝရတ်ပညာရေး အင်္ဂလိပ်စာအဖွဲ့၏ ၁၉၉၃ ခုနှစ်မှစတင်ပြီး နှစ်စဉ်ထုတ်ဝေလျက်ရှိသည့် *The Student's Digest* အင်္ဂလိပ်စာသင်ထောက်ကူပြုစာစောင်များကို ယခုစာသင်နှစ်တွင် တန်းစဉ်အလိုက် စာအုပ်ပုံစံဖြင့် ဇွန်လမှစတင် ဖြန့်ချိလျက်ရှိသည်။

တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဂုဏ်ထူးမှတ်ရရန် ကြိုးပမ်းအားထုတ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအတွက် *The Student's Digest (Special Issue For Studious Students)* စာစောင်ကို ယခင်နှစ်များက ဖြန့်ချိသည့်မှုအတိုင်း တစ်စောင်လျှင် ၆၀ကျပ်နှုန်းဖြင့် စာသင်နှစ်တစ်နှစ်တာအတွက် ၁၀စောင်ဖြန့်ချိမည်ဖြစ်သည်။**Unit**အလိုက် လေ့ကျင့်ခန်းများကို နှစ်ဆပြုစုပေးထားပြီး စာမေးပွဲမေးခွန်းပုံစံအတိုင်း လေ့ကျင့်ခန်းများ ပို့ချချက်များပါဝင်သည့် ယင်းအထူးထုတ်စာစောင်များကို ဖြန့်ချိရေးမှူး၊ နဝရတ်ပညာရေး၊ အမှတ်(၈၂)၊ တတိယထပ်၊ အနော်ရထာလမ်း(၃၉လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၅၀၂၂၅၊ ထွန်းစာပေ၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့နှင့် ထွန်းဦးစာပေ မန္တလေးမြို့တို့တွင် ဩဂုတ်လမှစတင်၍ ဝယ်ယူလေ့လာနိုင်ပြီဖြစ်သည်။

ရောင်းမည်

၁။ စွန့်ပစ်ချည် (ချည်လေ၊ ချည်လွင့်) ၂။ စံချိန်လို၊ စံချိန်ညံ့ အထည် ပိတ်စ အမျိုးမျိုး - အဖြူထည် ပိတ်စများ - ရောင်စုံဆေးဆိုးပိတ်စများ - ရောင်စုံပန်းရိုက်ပိတ်စများ

ဆက်သွယ်ရန်-

ဖုန်း-၂၅၂၁၂၇၊ ၃၇၇၂၆၉။

PIONEER 8th anniversary
Zaw Win Htut
EMPEROR
Penus Butter
Min Maw Kun, Kyaw Thu Soe
Model & Dance Shows Present by John Lwin's Stars & Models Int'l Angency
Lucky Draw Prizes < Ks 100,000 worth x 5 prizes + many other prizes >
The Best DJs' The Best Club in Town
HOST DJS' DJ Boys DJ Jay DJ A. K. Bo DJ Naing Naing
Club Pioneer (Ph: 240995)
14.8.2004 (Sat) 7 : 30 PM
Cover charge 5,000 Ks.

DIGITAL CLASSIC
LASER PHOTO LAB & LASER STUDIO
Digital Camera NORITSU QSS 3201 LASER DIGITAL
12" × 36" (JUMBO PANORAMA SIZE)
PHOTO RAINY SEASON Within 3-Months
* ဖလင် ၁ လိပ် (ပုံ-၃၀) My Calendar တစ်ခု (တန်ဖိုး ကျပ် ၁၂၀၀ ခန့်)
* ဖလင် ၃ လိပ် (ပုံ-၉၀) My Calendar တစ်ခု (တန်ဖိုး ကျပ် ၂၀၀၀ ခန့်) CD-R-Writing
* ၃ ပုံ- ကျပ် ၂၀၀၀
No.236, Yadanar Street, (Between Yuzana & Dagon Centre) Myaynigone, Sanchaung Tsp, Yangon. Tel:722042

အမှတ် - ၅/၇၁ (ခအ)၊ အောင်တေဇလမ်း၊ ကုန်းမြင့်ရိပ်သာ (၃) မိုင်၊ မရမ်းကုန်းမြို့နယ် မြေ၊ အဆောက်အအုံနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများနှင့် အများသိစေရန်

အမှတ်-၅/၇၁ (ခအ)၊ အောင်တေဇလမ်း၊ ကုန်းမြင့်ရိပ်သာဟုခေါ်တွင်သော အဆောက်အဦး ဥပစာများနှင့် တည်ရာမြေ၏ တရားဝင်ဆက်ခံပိုင်ဆိုင်သူ ဒေါ်သန်းသန်းစိန် (၁၂/မရက (နိုင်) [illegible]) ၎င်း၏မှတ်ပုံတင်အထောက်အထား ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သက်ဝေလွင် (၁၂/မရက (နိုင်) [illegible]) ၏ လွှဲအပ်ညွှန်ကြားချက်အရ

အထက်ဖော်ပြပါမြေကွက်ကြီး၏ တစ်စိတ်တစ်ဒေသနှင့် နေအိမ်ဥပစာ (အမှတ်-၅/၇၁ (ခအ) ဟုဖော်ပြထားသည်) တွင် ကျွန်ုပ်တို့၏ အမှုသည်မှ ဦးသစ်လွင်၊ ဒေါ်ခင်မမတို့အား မေတ္တာဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားပါသည်။ ယင်းမြေ တစ်စိတ်တစ်ဒေသနှင့် နေအိမ်ဥပစာတွင် ဦးသစ်လွင်၊ ဒေါ်ခင်မမနှင့် သားသမီးများတို့သည် ခွင့်ပြုချက်အရ နေထိုင်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ အမှုသည်၏ စာဖြင့်ရေးသားအတိအလင်းသဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူမျှ ယင်းမြေ၊ အဆောက်အဦးနှင့်နေထိုင်ပိုင်ခွင့်ကို တဆင့်လွှဲပြောင်း ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံ၊ ရွှေ့လွှတ် လှူဒါန်းခြင်း၊ တိုးချဲ့၊ ဖြိုဖျက် ဆောက်လုပ်၊ တနည်းနည်းဖြင့်စီမံခန့်ခွဲမှုပြုခွင့်မရှိပါကြောင်း၊ သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်သက်ဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်မြိုင် B.A(Law) LL.B, DBL,DML
ဒေါ်ခင်မေသန်း LL.B, DBL, DML
တရားရုံးချုပ်ရှေ့နေများ
အမှတ် - ၅၊ အခန်း (၇)၊ ၃၄ လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - [illegible]

အေသင်အိုလံပစ် အားကစားပွဲတော်ကြီးကျင်းပရက် နီးကပ်လာ ရွှေတံဆိပ်ရယူမည့် အားကစားသမားများ မြင်တွေ့ရတော့မည်

သတင်းဆောင်းပါး

မောင်မောင်မြင့်ဆွေ

ရန်ကုန် သြဂုတ် ၁၁

ကမ္ဘာတစ်ဝန်းမှ အားကစားအကျော်အမော်များ ပါဝင်ဆင်နွှဲမည့် ကမ္ဘာ့အကြီးအကျယ်ဆုံးနှင့် အခမ်းအနားဆုံးပွဲတော်ကြီးဖြစ်သည့် ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်ကြီးကို ဂရိနိုင်ငံ အေသင်မြို့တွင် သြဂုတ် ၁၃ရက်မှ စတင်ကျင်းပတော့မည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကျော်၊ ကမ္ဘာကျော် အားကစားမောင်မယ်များ ပါဝင်ဆင်နွှဲရန် အသင့်ဖြစ်နေကြပြီ ဖြစ်သည်။



အေသင် အိုလံ ပစ် အားကစားပွဲတော်၌ဘတ်စကက်ဘော ပြိုင်ပွဲတွင်ရွှေတံဆိပ် ရရှိရန် ရေပန်းစားနေသော တရုတ်အသင်းမှ ယိုမင်း။

(ဓာတ်ပုံ-အင်တာနက်)

လေ့ကျင့်နေကြပြီ

အေသင်အိုလံပစ် အားကစားပွဲတော်သို့ ဥရောပ၊ အာဖရိက၊ အာရှ၊ တောင်အမေရိက၊ သြစတြေးလျတို့မှ နာမည်ကျော် အားကစားသမားများ ပါဝင်ဆင်နွှဲမည်ဖြစ်ရာ အေသင်အိုလံပစ်အားကစားပွဲတော်ကျင်းပရာ အားကစားရွာရှိ လေ့ကျင့်ရေးစခန်းများတွင် ရောက်ရှိလေ့ကျင့်နေကြပြီ ဖြစ်သည်။

အလားအလာရှိ

အေသင်အိုလံပစ်ပွဲတော်တွင်ပါဝင်ဆင်နွှဲမည့် အာရှတိုက်မှ အားကစားမောင်မယ် အကျော်အမော်များအနေ



အေသင်အိုလံပစ်အားကစားပွဲတော်တွင် အမျိုးသားမီတာ ၁၀၀၀၀နှင့် မီတာ ၅၀၀၀ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးမည်ဟု နာမည်ကြီးနေသောအီသီယိုးပီးယားမှ မာရသွန် အပြေးသမား ဘာကီလီ။

ဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲများဖြစ်သည့် မာရသွန်ပြိုင်ပွဲ၊ တာတိုအပြေးပြိုင်ပွဲ၊ တာလတ်မီတာ ၅၀၀၀အပြေးပြိုင်ပွဲနှင့် တန်းကျော် ပြေးပွဲအပါအဝင် အလျားခုန်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနိုင်သည့် အလားအလာများ ရှိနေသည်။

ရွှေရရှိမည်မျှော်လင့်

အေသင်အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမား အများဆုံးဖြစ်သည့် တရုတ်နိုင်ငံ အနေဖြင့် စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဒိုင်ဗင်နှင့် ရေကူးတို့တွင် ရွှေတံဆိပ်ရရှိနိုင်မည်ဖြစ်ရာ အထူးသဖြင့် အမျိုးသမီး လေ့လှော်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်(၁) အဆင့်ရှိသည့် ကျန်ယီးနင်းနှင့် အမျိုးသား လေ့လှော်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ရှိသည့် မာလင်တို့ ရွှေရရှိမည်ဟု မျှော်လင့်ထားသည်။

ထို့ပြင် စားပွဲတင်တင်းနစ်၊ ဒိုင်ဗင်နှင့် ကြက်တောင်တို့တွင် အစဉ်အလာ အားဖြင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၌ တရုတ်တို့လွှမ်းမိုးထားနိုင်ရာ ယင်းပြိုင်ပွဲများတွင် တရုတ်တို့ ရွှေတံဆိပ် ရရှိနိုင်မည် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၀ပြည့်နှစ် ဆစ်ဒနီအိုလံပစ်ပွဲ အားကစားပွဲတော်၌ ရွှေတံဆိပ် ငါးခု၊ ငွေရှစ်ခု၊ ကြေးငါးခု ရရှိခဲ့သော ဂျပန်တို့အနေဖြင့် ယခု အေသင်အိုလံပစ်၌ ရွှေတံဆိပ်ရရှိမှုကို



အေသင်အိုလံပစ် အားကစား ပွဲတော်တွင် ဓားသိုင်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိရန် ရေပန်းစားနေသော တောင်အာဖရိကမှ နာတာလီရာတိုင်ချီရာ(ဝဲ)သြဂုတ် ၇ ရက်က လေ့ကျင့်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၀ ပြည့်နှစ်ကထက် ပိုမိုရရှိအောင် ကြိုးစားမည်ဟု ကြွေးကြော်ထားရာ မီတာ ၂၀၀ အာရှချန်ပီယံ ဖြစ်သည့်

အေသင်အိုလံပစ်အားကစားပွဲ တော် တွင် ရွှေတံဆိပ်ရရှိမည်ဟု ရေပန်းစား နေ သော သြစတြေးလျနိုင်ငံမှ မီတာ ၄၀၀တန်းကျော် အပြေးမယ် ဂျာနာပစ်မင်း လေ့ကျင့်စဉ် ဒဏ်ရာရရှိသွားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှင်ရိုဆူဇူရူက ရွှေတံဆိပ်ရယူပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

မာရသွန်ရွှေ ဂျပန်မှန်းထား

ထို့ပြင် ၂၀၀၀ ပြည့်နှစ်ဆစ်ဒနီ အိုလံပစ်အားကစားပွဲတော်၌ အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် ဂျပန်မှ နာအိုကိုတာကာဟာရှီက ရွှေတံဆိပ်ရယူပေးနိုင်ခဲ့ရာ ယခုနှစ်တွင်လည်း မာရသွန်ပြိုင်ပွဲ၌ ဂျပန်တို့ရွှေတံဆိပ် ရရှိရန် မျှော်လင့်ထားသည်။

ရေပန်းစား

အေသင်အိုလံပစ် အားကစားပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် နာမည်

အေသင်အိုလံပစ်အားကစားပွဲတော်တွင် ပါဝင် ယှဉ်ပြိုင်မည့်ဂျပန်ဘေ့စ်ဘောအသင်းမှ မီယာမိုတို(ယာ) အေသင်အိုလံပစ်အားကစားပွဲတော် လေ့ကျင့်ရေးကွင်း၌လေ့ ကျင့်နေ သည် ကို သြဂုတ်၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျော် အားကစားသမား ယခုအခါ အောင်ပွဲရရှိရန် အေသင်အားကစား လေ့ကျင့်ရေး စခန်းများ၌ လေ့ကျင့်နေပြီဖြစ်ရာ သြစတြေးလျနိုင်ငံမှ မီတာ ၄၀၀ တန်းကျော် အပြေးမယ် ဂျာနာပစ်မင်းသည် လေ့ကျင့်စဉ် ဒူးဒဏ်ရာ ရရှိခဲ့သော်လည်း ယခုအခါ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကာ ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီး ရွှေတံဆိပ်ရရှိရေး ကြိုးစားသွားမည်ဟု ပြောကြားလျက်ရှိသည်။ ဂျာနာပစ်မင်းသည် ကမ္ဘာ့မီတာ ၄၀၀ တန်းကျော် ပြေးပွဲချန်ပီယံဖြစ်ပြီး အေသင်အိုလံပစ်၌ ရွှေရမည်ဟု ရေပန်းစားနေသူလည်း ဖြစ်သည်။

တစ်ဦးချင်း ဓားသိုင်းပြိုင်ပွဲတွင် တောင်အာဖရိကမှ နာတာလီရာတိုင်ချီရာက အေသင်အိုလံပစ်၌ ရွှေတံဆိပ် မှန်းလျက်ရှိရာ ယခုအခါ အေသင်မြို့ အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်နေပြီ ဖြစ်ပြီး ယင်းအနေဖြင့် ကျူးဘားမှ အီမေရိမက်ချီဗက်စ်ကိုသာ အလေးထား ယှဉ်ပြိုင်ရမည်ဖြစ်သည်ဟုဆိုသည်။ တောင်အာဖရိကသည် ၂၀၀၀ပြည့်နှစ် ဆစ်ဒနီအိုလံပစ်တွင် ငွေနှစ်ခု၊ ကြေးသုံးခုသာ ရရှိခဲ့ရာ ယခုနှစ်၌ ရွှေရရှိရန် နာတာလီရာတိုင်ချီရာက မျှော်လင့်ထားသည်။

အမျိုးသားမာရသွန်မှန်း

အီသီယိုးပီးယားနိုင်ငံမှ မာရသွန် အပြေးသမား ဘာကီလီသည် အေသင်အိုလံပစ် အားကစားပွဲတော်တွင် အမျိုးသားမီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀တို့တွင် ရွှေရရှိမည်ဟု တစ်ဟုန်ထိုးနာမည်ကြီးလာလျက်ရှိရာ ယခုနှစ်တွင် မီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀ တို့၌ ဆီလတ်ဆီ တင်ထားခဲ့သော ကမ္ဘာ့စံချိန်ကိုချိုးကာ စံချိန်တင်နိုင်ခဲ့သဖြင့် အေသင်အိုလံပစ် အားကစားပွဲတော်တွင် အမျိုးသားမာရသွန် မီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀ တွင် သူ့ကိုနိုင်မည့်သူ မရှိနိုင်ဟု အီသီယိုးပီးယားနိုင်ငံက မျှော်လင့်ထားပြီး ရွှေတံဆိပ်ရယူပေးနိုင်သူအဖြစ် ရည်မှန်းထားသည်။

အားနည်းချက်များပြင်ဆင်

ကင်ညာမှ အပြေးသမား ပေးလ်ဂါဘရီလာဆီသည်လည်း အေသင်အိုလံပစ်တွင် မီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀ မာရသွန်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ် ရရှိရန်အတွက် ပြင်ဆင်မှု၊ လေ့ကျင့်မှုများ အပြီးသတ်ပြီဖြစ်ရာ ပြိုင်ပွဲဝင်ရန် အသင့်အနေအထားရောက်ရှိနေပြီဟု ပြောကြားလျက်ရှိသည်။ ကင်ညာနိုင်ငံအတွက် မာရသွန် ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးမည်ဟု ဘရီလာဆီက ပြောကြားနေသော်လည်း ပြီးခဲ့သည့် ဒတ်ချ်မာရသွန်ပြိုင်ပွဲတွင် အမျိုးသား မာရသွန် မီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀ တို့တွင် အီသီယိုးပီးယားမှ ဘာကီလီကို ရှုံးနိမ့်ခဲ့ရာ ယခုအခါ အားနည်းချက်များကို ပြင်ဆင်ပြီး ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။

အေသင်အိုလံပစ် အားကစားပွဲတော်ကြီးကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ နာမည်ကျော်အားကစားသမားများ၏ လှုပ်ရှားမှုပုံရိပ်များလည်း ပီပီပြင်ပြင် မြင်တွေ့နိုင်တော့မည် ဖြစ်ရာ ရွှေတံဆိပ်ရရှိမည့် ကမ္ဘာကျော် အားကစားသမားများကို မကြာမီ မြင်တွေ့သိရှိရတော့မည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

စိုက်ပျိုး

မြင်းမူမြို့နယ် မုံရွာ-မန္တလေး ကားလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် တမာပင်များ စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၁၇ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများ တမာပင်များစိုက်ပျိုးနေသည်ကို တွေ့ရစဉ်။

(၁၆၇)

ရှင်းလင်းတင်ပြ

မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဇူလိုင် ၂၈ရက်က ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏

တရားစီရင်ရေးဆိုင်ရာလမ်းညွှန်သြဝါဒကို ပဲခူးတိုင်း(အနောက်ပိုင်း)၌ ထပ်ဆင့်ရှင်းလင်း

ပြည် သြဂုတ် ၁၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်သြဝါဒအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို သြဂုတ်၇ရက် နံနက် ၉နာရီက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် အဖွဲ့ဝင်များ၊ သာယာဝတီနှင့် ပြည်ခရိုင်အတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်သြဝါဒကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) အတွင်း တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရေတွင်းတူးဖော်ပြီးစီး၍ ရေမှုတ်စမ်းသပ်

မူဆယ်မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ကြည့်ရှုစစ်ဆေး

မူဆယ် ဇူလိုင် ၂၅

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့သည် ဇူလိုင် ၂၀ရက်နံနက်က အဖွဲ့အင်ဂျင်နီယာများနှင့်အတူ မူဆယ်မြို့ ခုတင်(၁၀၀)ဆံ့ဆေးရုံသစ် ဆောက်လုပ်မည့်နေရာတွင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်ပြီးစီး၍ ရေမှုတ်စမ်းသပ်ခြင်းကို ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

မူဆယ်မြို့ခုတင် (၁၀၀)ဆံ့ဆေးရုံသစ် တည်ဆောက်မည့်မြေနေရာတွင် လေးလက်မ စက်ရေတွင်းနှစ်တွင်း တူးဖော်ရန် မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ရာ ပထမစက်ရေတွင်းမှာ တူးဖော်ပြီးစီးခဲ့ပြီး တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်သဖြင့် ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်နှင့်ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးခဲ့ပြီး ဒုတိယစက်ရေတွင်းကို ဆက်လက်တူးဖော်လျက်ရှိသည်။ **(မြို့နယ်စည်ပင်)**

ကောလင်းမြို့နယ် လမ်းများစုပေါင်းပြုပြင်

ကောလင်း ဇူလိုင် ၁၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စနေနေ့တိုင်း စုပေါင်းလမ်းပြုပြင်ဆောင်ရွက်ရေးစီမံချက်အရ ဇူလိုင် ၁၀ရက် နံနက် ၇ နာရီက ကောလင်း-ပင်လည်ဘူးလမ်းနှင့် ကောလင်း-ဝန်းသိုလမ်းများတွင် စုပေါင်းလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

စုပေါင်းလမ်းပြုပြင် ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေး အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများက လမ်းမြေသားပြုပြင်ခြင်း၊ သဲကျောက်ချခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းဘေးဝဲယာမြေသား ပခုံးမြှင့်တင်ခြင်း၊ ရေနုတ်မြောင်းပြုပြင်ခြင်းနှင့် ချုံနွယ်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ **(ဝ၂၆)**

သြဂုတ် ၂ရက်က ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့လှပရေးအတွက် လမ်းလယ်ကျွန်းများနှင့် ပန်းမနောတိုင်များ ဆောင်ရွက်ပြီးစီးမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ရှင်းလင်းပြသကြစဉ်။ (မြို့နယ် စည်ပင်)

ဘိုးဘွားများအား ဆေးဝါးကုသပေးမှု ကြည့်ရှုအားပေး

ညောင်ဦး ဇူလိုင် ၂၆

ညောင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှတ်(၃)ရပ်ကွက် အသင်းခွဲဥက္ကဋ္ဌ ဒေါ်ရွှေဦးစီး၍ လစဉ် ၂၀ရက်နေ့တိုင်း ရပ်ကွက်အတွင်းရှိ အသက် ၆၅နှစ်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ဆေးဝါးကုသမှု စောင့်ရှောက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ရက်မွန်းလွဲက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေး၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်နွယ်နီတို့ လာရောက်ကြည့်ရှုအားပေးကြပြီး ဆေးကုသမှုစရိတ်အလှူငွေများပေးအပ်ကြကြောင်း သိရသည်။**(အပေါ်ပုံ) (၃၀၀)**

လှိုင်းဘွဲ့မြို့ ကွမ်ဆာကျေးရွာ အလယ်တန်းကျောင်း နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

လှိုင်းဘွဲ့ သြဂုတ် ၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်ဆာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၉ ရက်နံနက် ၁၀နာရီက ကျောင်းခန်းမဆောင်တွင် ကျင်းပရာ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစောမြမောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးစောအုန်းတင်တို့က အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်းနှင့်ရှေ့လုပ်ငန်းစဉ်များကို ဆရာမ ဒေါ်ဇာဇာထွေးက ဖတ်ကြားပြီး ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် မိဘဆရာအသင်း ဥက္ကဋ္ဌ ဦးစောအုန်းတင်ပါဝင်သော အမှုဆောင်အဖွဲ့ ကိုးဦးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးရွှေချစ် ပါဝင်သော အဖွဲ့ဝင် ၁၇ဦးတို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူ ၂၇ဦးတို့ကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ် ချီးမြှင့်ကြသည်။

(မြို့နယ်ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း သင်တန်းပို့ချ

ပဲခူး သြဂုတ် ၇

ပဲခူးတိုင်း တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ပြုလုပ်သော FDC Training in Dots သင်တန်းကို သြဂုတ်၅ရက်က ပဲခူးတိုင်း တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (တီဘီ) စီမံချက်မန်နေဂျာ ဒေါက်တာဦးဝင်းမောင်နှင့် ပဲခူးတိုင်း တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးမောင်မောင်မြင့်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ပဲခူးတိုင်း (တီဘီ)ဆရာဝန်ကြီး ဒေါက်တာသင်းသင်းရီက သင်တန်းပို့ချသည်။

သင်တန်းသို့ ပဲခူးတိုင်းအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ (တီဘီ)အဖွဲ့ခေါင်းဆောင်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဇူလိုင် ၃၁ရက်က ကျောက်တန်းမြို့နယ် တံတားမြို့ စင်မကော်ကျေးရွာတွင် ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သစ်သားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကျောက်တန်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းအပေါက်များ၊ လှိုင်းများနှင့် ချိုင့်ခွက်များမရှိစေရေးစီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ရက်က ရုံးလမ်းကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၂၉ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ တိုင်းညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ဝင်များ လပွတ္တာမြို့သို့ ရောက်ရှိပြီးလပွတ္တာမြို့နယ်စည်ပင်သာယာဈေး များကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ လိုက်လံရှင်းလင်း ပြသကြစဉ်။ (က-ပ)

ပညာ့ရောင်ခြည်ငွေစုငွေချေးသမဝါယမအမှုဆောင်ရွေးချယ်

ပျော်ဘွယ် ဇူလိုင် ၂၀

ပျော်ဘွယ်မြို့နယ် သမဝါယမဦးစီးဌာနကကြီးမှူးသော မြို့နယ်ပညာရေးဌာန ပညာ့ရောင်ခြည် ငွေစုငွေချေးအသင်းလီမိတက်၏၂၀၀၃-၂၀၀၄ ခုနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၁၂ရက်က ရွှေပြည်ရန်အောင်ရပ်ကွက် ပြည်တော်သာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးအရာရှိက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးကျော်ခင်၊ အတွင်းရေးမှူး ဦးဝင်းဇော်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစံငြိမ်းနှင့် အမှုဆောင်အဖွဲ့ဝင် ၁၃ဦးပါဝင်သော အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကြောင်းသိရသည်။ **(၂၅၀)**

ဖျာပုံမြို့နယ် အထက်တန်းကျောင်းတွင် ကျောင်းဝတ်စုံနှင့်ထောက်ပံ့ကြေးပေးအပ်

ဖျာပုံ ဩဂုတ် ၈

ဖျာပုံခရိုင် ဖျာပုံမြို့နယ် သမိန့်ထောအခြေခံပညာအထက်တန်းကျောင်း ကျောင်းနေမြေရေး၊ ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၆ရက်က သမိန့်ထော အထက ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က ပညာရေးအခြေခံကောင်းများ ဖြစ်ထွန်းရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးမှာကြားပြီး လှူဒါန်းငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးညိုက လက်ခံရယူသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ၏ဇနီးဒေါ်မြမြက ကျောင်းဝတ်စုံချုပ်ခများကို လည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီက ကျောင်းသား ၇၁ ဦး အတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းကောင်း၊ သမိန့်ထောကျေးရွာဥက္ကဋ္ဌ ဦးလှသိန်းနှင့် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်မြမြက ကျောင်းသားကျောင်းသူများအား ကျောင်း သုံးစာအုပ်၊ ကျောင်းဝတ်စုံ၊ ကွန်ပျူတာခန်းအတွက်အလှူငွေနှင့် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ကျပ်၄၆၀၀၀၀ ကျော် ပေးအပ် လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင် ၂၈ရက်က ပုလဲမြို့နယ် လုံးဆိုင်ရာ ဗုဒ္ဓဝိဟာရသာသနာ့ ဗိမာန် ဓမ္မာရုံဥရုတိုင်စိုက်ထူခြင်း လုပ်ငန်းတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေး၊ နာယက အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ မင်္ဂလာအချိန်တွင် တိုင်စိုက်ထူ ကြစဉ်။ (က-ပ)

စုပေါင်းဆောင်ရွက်

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇူလိုင် ၁၀ ရက်က ပြည်မြို့အဝင် မင်းကြီးတောင် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင် ဦးဆောင်သောအဖွဲ့ဝင်များဖြင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ချောက်မြို့နယ် ဥမင်ကိုးပေါက်မြစ်ရေတင် စီမံကိန်းနယ်မြေ ရသစ်ကျေးရွာ အုပ်စုတွင် ဇူလိုင် ၂၈ ရက်က တိုက်ရိုက်အစေ့ချ စပါးစိုက်ပျိုးပွဲကို လယ်မြေ ဧက ၄၅ ဧကတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် တာဝန်ရှိသူများ ဧည့်မထ စောစပါးမျိုးများ တိုက်ရိုက်အစေ့ချ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၁၃-၈-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ပုဂံခေတ် သစ်ပင်များ)
၁၁း၃၅ သုတရေးရာ ဖြေကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ကလေးငယ်အသက် ၆လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အိပ်မက်)
၁၃း၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (အေးမြသီတာ)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)လမြတ်ဝါဆို(ခေါင်းကြီး) (၂)လက်ဆောင်မွန် (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (လူမျက်နှာ၏ ပတ်ဝန်းကျင် အကြောင်း-မောင်ဆုရှင်)

အမြန်အလိုရှိသည်
B.Com (ဂုဏ်) D.A
(နံနက် ၁၂ နာရီမှ ၂ နာရီအတွင်း)

ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ အရ
တောင်ငူမြို့ မြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၃

အိန်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း နှင့် ၁။ ဦးတန်ခိုင်
အမှတ် ၁၆/၁၂၉(၁၆)၊ဈေးလမ်း၊ ၂။ ဦးအောင်မြင့်ရွှေ
တောင်ငူ "အပြည့်" ဗီဒီယိုရုံ
၁။ ဦးကျင်စိန် ဒုဥက္ကဋ္ဌ အမှတ် ၁၆/၁၂၉၊
ဈေးလမ်း
၂။ ဦးတန်အိကောင် အဖွဲ့ဝင် (၁၆)ရပ်ကွက်၊
တောင်ငူမြို့။
၃။ ဦးစိန်မောင် အဖွဲ့ဝင်

တရားလိုများ

တရားပြိုင်များ

တောင်ငူမြို့၊ ၁၆/၁၂၉ ရှိ အိန်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများ သိစေရန် ကြေညာပါသည်။

၁။ တောင်ငူမြို့၊ အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ အရှေ့ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အနောက်ဘက်လားသော် ဦးမောင်ကို-မခင်ဝင်း၊ တောင်ဘက်လားသော် ဈေးလမ်း၊ မြောက်ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အလားလေးရပ် အတွင်းရှိ အိန်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း၊ အရှေ့ဘက်အစွန်ဆုံးအပေါ်ထပ်နှင့် အောက်ထပ်တို့ကို တရားပြိုင်များဖြစ်သည့် ဦးတန်ခိုင်နှင့် ဦးအောင်မြင့်ရွှေတို့အား ငှားရမ်းခဲ့ပြီး အိမ်ငှားများအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) ဒုတိယပိုင်းနှင့် ၁၂(၁)(ဂ)အရ တရားစွဲဆိုထားခဲ့သည်ဖြစ်၍ အိန်ချမ်း ဗုဒ္ဓဘာသာဘုရားကျောင်းအသင်းသားများအနေဖြင့် ကန့်ကွက်ပြောဆိုလိုသူများရှိပါက ဤရုံးတော်သို့ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ကြောင်း တရားမကျင့်ထုံး အမိန့်-၁၊ နည်းဥပဒေ-၁ နှင့် ၈ တို့အရ ကြော်ငြာလိုက်သည်။

၂။ ဤကြော်ငြာသတ်မှတ်သည့်နေ့ရက် နောက်ပိုင်းတွင် လာရောက်၍ ပြောဆိုကန့်ကွက်လာပါက ရုံးတော်အနေဖြင့် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လ...

မြို့နယ်တရားသူကြီး၊ တောင်ငူမြို့။

သင်တန်းသားစာရင်းလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဗိုလ်တထောင် မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (New Century Resource Centre)၌အောက်ပါ အစီအစဉ်အတိုင်း သင်တန်းများ ဖွင့်လှစ်ပါမည်-

၁။ **သင်တန်းအမည်**	-	(၁) Power Windows သင်တန်း (၂) Computerized Accounting သင်တန်း
၂။ **သင်တန်းကာလ**	-	(၂)လ
၃။ **သင်တန်းဝင်ခွင့်အနိမ့်ဆုံး ပညာအရည်အချင်း**	-	အခြေခံပညာအထက်တန်း (က)အဆင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
၄။ **သင်တန်းစတင်မည့်ရက်**	-	၂၅-၈-၂၀၀၄
၅။ **သင်တန်းသားစတင် လက်ခံမည့်ရက်**	-	၁၁-၈-၂၀၀၄
၆။ **လျှောက်လွှာပိတ်မည့်ရက်**	-	၂၃-၈-၂၀၀၄
၇။ **ဆက်သွယ်ရမည့်လိပ်စာ**	-	ရန်ကုန်တက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန

အသေးစိတ်အချက်အလက်များကိုသိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းအဆင့်(၁)၊ ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း-၅၃၄၃၉၀ ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ညွှန့်ညွှန့်စန်း ၁၂/မရက (နိုင်) ၁၀၉၀၈၇ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်ုပ် အမှုသည်၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။

၁။ သမားတော်ကြီးဦးစံမြင့်မိသားစု ကြို့ပင်ကောက် ရွှေသမင်ဆေးတိုက် အမှတ်တံဆိပ်နှင့် အခြေချပစ္စည်း
၂။ အစုရှယ်ယာ အစုံတစ်ထောင်
၃။ အမှတ် (၁၈) ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း) ရဝေသစ်စတိုး
၄။ အမှတ် (၆၅) ဗိုလ်ချုပ်ဈေး (အရှေ့ဘက်တန်း) ရဝေမြင့်စတိုး
၅။ သိမ်ဖြူလမ်း အမှတ် ၄၂၈ မြေညီထပ် (တောင်)
၆။ အမှတ် ၃၅/ ၁၀ ရှုခင်းသာအိမ်ရာစီမံကိန်း
၇။ တောင်ကြီးမြို့ရှိ အေးသာယာမြို့သစ်အမှတ် ၂၉၊အကွက်အမှတ် ၇၉၊ ဧရိယာ ဝ၀သမ၀၃၄ဧက
၈။ ကြို့ပင်ကောက်မြို့ အရှေ့လမ်းမတော် မြေကွက်အမှတ် (၅) ဦးပိုင်အမှတ် (၄၉) မြေကွက်
၉။ ဒဂုံမြို့သစ်တောင်ပိုင်းရှိမြေကွက်များ
၁၇/၄၂၁ (က)
၁၇/၂၂၁
၁၇/၅၃၈
၁၇/၅၀၇ (က)နှင့် (ခ)
၁၇/၁၆၅
၁၀။ (၇)မိုင် အမှတ် ၁၉ ပြည်လမ်း မရမ်းကုန်းခြံထဲရှိ လူနေတိုက်နှင့်မြေကွက်

အထက်ဖော်ပြပါ ပစ္စည်းများအတွက် ဒေါ်မွှေးမွှေး (ခ) ဒေါ်ခင်စန်းမြင့်ပါ (၄)ဦးအပေါ်တွင် ရန်ကုန်တိုင်း တရားရုံးတွဲဖက် (၂) တရားရုံးတွင် တရားမကြီး အမှုအမှတ် ၈၀၁/၂၀၀၄ဖြင့် အမှုစွဲဆိုထားပါသည်။

အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများအား ကျွန်ုပ်အမှုသည်၏ သဘောတူညီချက်မပါဘဲ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းတို့အား လက်ခံပါက လက်ခံသူတို့၏ တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်နွဲ့နွဲ့ဝင်း B.A,R.L
တရားရုံးချုပ်ရှေ့နေ (၂၁၅၈)
အမှတ် ၁၂၆ (ပထမထပ်)(၃၂)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၈၃၇၂၁။

ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)၏ ရေနံနှင့် ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင် အသုံးမပြုနိုင်တော့သည့် ဆင်ပြောင် (၂)၊ ဆင်ပြောင် (၆)၊ ဇင်ယော်၊ ရိုးမ၊ သံပုရာကန် ရေယာဉ် (၅)စီးနှင့် တွဲ(၂)တွဲတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (က) **လေလံစည်းကမ်းပုံစံရောင်းချမည့်ရက်**	-	၁၇-၈-၂၀၀၄မှ ၁၈-၈-၂၀၀၄ထိ
(ခ) **ရောင်းချမည့်နေရာ**	-	အထွေထွေစီမံခန့်ခွဲရေးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂၃)၊ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
(ဂ) **လေလံပုံစံတစ်စောင်ဈေးနှုန်း**	-	၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၃။ သိလိုသည့်အချက်များကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ် အထွေထွေစီမံခန့်ခွဲရေး ဌာနသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံရောင်းချရေးကော်မတီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ဖုန်း-၂၂၁၀၂၈၊ ၂၉၂၂၆၅၊ ၂၂၁၀၄၁။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၅ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာ တန် (၂၀၀၀)ကိုပုံးဖြင့်ဖြစ်စေ၊3-Ply Poly bag ဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေ ဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၅-၈-၂၀၀၄ ရက်နေ့ ၁၆း၀၀ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင်ကျပ်၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အမည်ပြောင်း

အဖ ဦးကျော်ရွှေ၏ သမီး အလက(၃)မြိတ် မြို့ပဋ္ဌမတန်း(A)မှ မဆုချယ်ငြိမ်းအား မဆုလှိုင်ဦး ဟု ပြောင်းလဲခေါ်ပါရန်။

မဆုလှိုင်ဦး။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်တင်ထွဋ်လင်း ၁၂/ဥကမ(နိုင်)၀၁၇၃၅၀ သည် မိဘများ စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှဝင်း၊ ဒေါ်ခင်ရွှေမြင့်
အမှတ် ၈၉၅၊ သုဇာတာလမ်းမ
၂ ရပ်ကွက်၊ မ/ဥက္ကလာ။

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ
(ဤကြော်ငြာကို ဖော်ပြစ်အောင်မှတ်ပါ) ဖုန်း -၂၄၈၀၆၄

မန္တလေးတက္ကသိုလ်
ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်မှကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ (၄၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို **၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်မှ စက်တင်ဘာလ ၁၅ ရက်နေ့ထိ** လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (Ph.D) ပါရဂူ(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊

(ခ) ၂၀၀၂-၂၀၀၃ ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏(M.Res) မဟာသုတေသန(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊

(ဂ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ (စနစ်သစ်)မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ (ဒုတိယနှစ်)(ဘွဲ့)စာမေးပွဲ၊ (Dip:E.L.T) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ(ဘွဲ့)နှင့် (D.B.L)စီးပွားရေးဥပဒေဒီပလိုမာ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)။

(ဃ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ် (ညနေသင်တန်း)၏ ပဉ္စမနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)။

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂ လက်မ x ၁ လက်မခွဲ)အရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၅။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟုဖော်ပြပြီး ပါမောက္ခချုပ် မန္တလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ**ကို တိကျစွာဖော်ပြရပါမည်။ **(ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ)။**

၆။ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် **"အဝေးရောက်ဘွဲ့"**အတွက်သာ လျှောက်ထားနိုင်ပါသည်။

၇။ အဝေးသင်တက္ကသိုလ် (ယခင် မန္တလေးတက္ကသိုလ် စာပေးစာယူသင်တန်းဌာန)၏ ၁၉၈၁-၈၂ ပညာသင်နှစ်မှ ၁၉၈၇-၈၈ ပညာသင်နှစ်ထိ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲအောင်မြင်ပြီးသူများသည် **"အဝေးရောက်ဘွဲ့"**အတွက် မန္တလေးအဝေးသင်တက္ကသိုလ်တွင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

လှလှဝင်း
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ မန္တလေးတက္ကသိုလ်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ခန့်ထားရန်)

၁။ အုပ်ချုပ်ရေးမှူး(ဘွဲ့ရ) ကျား ၂ ဦး
(အသက် ၃၅ မှ ၄၅ အတွင်း)
အိမ်ထောင်ရှိသူများ လာရောက်လျှောက်ထားနိုင်သည်။
၂။ ကြီးကြပ်ရေးမှူး (ဘွဲ့ရ) ကျား ၂ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား၊ ရပ်ကွက်ထောက်ခံစာ တို့ကို အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည်။ နယ်မှဖြစ်ရမည်။
လိပ်စာ-အမှတ်(၅၁၉/၅၀၂)၊အဓိပတိလမ်းသွယ်(၁)၊စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့။
ဖုန်း-၇၀၆၅၃၃။

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ အမှတ် (ဏ-၇)၊ ဦးပိုင်အမှတ်(၄၇)၊ ဂရန်မြေကွက်အား ဒေါ်ဝင်းဝင်းခိုင်(ခ)ဖူးကျန်၊ မှတ်ပုံတင်အမှတ် ၁၃/လရန (နိုင်) ၀၆၉၈၉၇ အမှုတွဲအမှတ် ၂၁၇၅/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ အကွက်အမှတ် အပိုင်း ၁၁၊ ဦးပိုင်အမှတ် (၂၀-က)၊ ဂရန်မြေကွက်အား ဦးသိန်းမြင့် မှတ်ပုံတင်အမှတ် KNU-၀၆၃၃၂၈ က အမှုတွဲအမှတ် ၂၁၇၆/၂၀၀၃-၂၀၀၄ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန။

ကသာခရိုင်အသင်း(ရန်ကုန်)
ဦးကိုကို
(ကသာမြို့)
အသက်(၈၆)နှစ်

အသင်းဝင် ဦးဘာဘာ-ဒေါ်ယဉ်မူကို၊ ဦးစိုးလွင်-ဒေါ်အမာကိုတို့၏ဖခင်၊ ကသာမြို့ ရပ်ကွက်(၄)၊ သုခလမ်းနေ ဒေါ်စောခင်၏ ခင်ပွန်းသည် ၃၁-၇-၂၀၀၄ရက်တွင်ကွယ်လွန်ပြီး ၂-၈-၂၀၀၄ ရက်တွင် ကသာမြို့၌ ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်တင်အေး
(ကသာ)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်ကုန်း၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၇)နေ အသင်းဝင် ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (လေ) (ငြိမ်း)-ဒေါ်စန်းစန်းလှိုင်တို့၏ မိခင်သည် ၁၇-၇-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။



မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သား(General Worker) များလိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသက် (၁၉)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(ခ) အခြေခံပညာအလယ်တန်း (၈)တန်းအောင်ရမည်။
(ဂ) အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။
(ဃ) ကျန်းမာရေးကောင်းရမည်။
(င) ပြစ်မှုကင်းရှင်းရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ လုပ်သားအနေဖြင့် အောက်ပါအတိုင်းခံစားခွင့်ရှိမည်။
(က) တစ်နေ့ အလုပ်ချိန် (၈)နာရီ
(ခ) ကျွမ်းကျင်မှုကို မူတည်၍ တစ်နေ့ ၁၈ ရင်းဂစ်မှ ၃၀ ရင်းဂစ်ရရှိနိုင်မည်။
(ဂ) တစ်လအချိန်ပိုနာရီ ၇၀ ရနိုင်ပြီး သာမန်နှုန်းထက် ၁ ½ ဆ ရရှိမည်။
(ဃ) နယ်မှလာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေးစီစဉ်ပေးမည်။

၃။ ဝန်ဆောင်ခမှာ ၆ ½ သိန်းခွဲ ဖြစ်ပါသည်။ အသေးစိတ်သိလိုက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်၊ အမှတ် ၁၁၁၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၆၄၂၄၇၃၊ ၆၄၂၉၀၂၊ Fax ၆၄၂၉၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမည်ပြောင်း

အဖ ဦးကျော်လွင်အေး၏သား အထက ဗထူး အဌမတန်း(က)မှ မောင်ဖိုးမင်းကိုအား ယနေ့မှစ၍ မောင်ဇင်မောင်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
မန္တလေးတိုင်းတရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၂၂

ဒေါ်နွယ်နွယ် နှင့် ၁။ ဒေါ်နုနုရီ
၂။ ဦးအာရုံ(ခ)ဦးထွန်းတင်

တရားလို **တရားပြိုင်**

မန္တလေးမြို့ အမှတ် ၄၇/၁၊ အကွက် ၇၄၅၊ ရန်မျိုးလုံရပ် (ယခင်နေရပ်လိပ်စာ)၊ (ယခုနေရပ် လိပ်စာမသိ) ၁။ ဒေါ်နုနုရီ၊ ၂။ ဦးအာရုံ(ခ)ဦးထွန်းတင် (အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နွယ်နွယ်က ယုံကြည်အပ်နှံထားသည့် စုကြေးငွေကျပ် ၃၅၇၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့ (၁၃၆၆ ခုနှစ် ဝါခေါင် လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၃)။

ခရုသင်းခြောက်မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
နေရောင်လင်းဆေးတိုက်၊ အမှတ်-၂၄၊ စင်ယော်လမ်း၊ ၁၄/၂ ရပ်ကွက် မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်(မင်းကင်း) ရွှေမန်းရုပ်ရှင်ရုံ
အသက် (၇၁) နှစ်

ဦးတင်အောင် (မန်နေဂျာ-စီးပွားရေး) မြန်မာ့လေကြောင်း) -ဒေါ်ခင်ပြုံးရီ တို့၏ဖခင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ဒါရိုက်တာအဖွဲ့
အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်
တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုမာ ၁၂/ဒဂန(နိုင်)၀၁၈၂၄၄ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တိုက်အမှတ် ၁၅၊ အခန်းအမှတ် ၁၅ စက်မှု(၁)ဝန်ထမ်းအိမ်ရာနေသူ၏ ညွှန်ကြားလွှဲအပ်ချက်အရ အများသိစေရန် ကြော်ငြာလိုက်သည်မှာ-

၂၇-၇-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသူ ဒေါ်စိန်တင် ၁၂/ကတတ (နိုင်)၀၁၇၃၅၂ ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ် ၃၇လမ်း၊ တိုက်အမှတ် ၁၀၂၊ ပထမထပ် (ဝဲဘက်)အခန်းနှင့်ပတ်သက်၍ သေဆုံးသူက ကျွန်ုပ်၏မိတ်ဆွေဒေါ်စုစုမာအား သေတမ်းစာ အတည်ပြုသူအဖြစ် (၁၈-၇-၂၀၀၂) နေ့တွင် ခန့်ထားခဲ့ပါသည်။

အဆိုပါအခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုမာ၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဝယ်ယူခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ အခြားနည်းတစ်မျိုးမျိုးဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန်၊ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ပြုလုပ်သူတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုမာက တရားဥပဒေနှင့်အညီ ဆောင်ရွက်ရန် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သူ B.A.,H.G.P.,R.L(1)
အထက်တန်းရှေ့နေ
စဉ်-၁၀၇၉၆
၅၀၇၊ သံလွင်လမ်း၊ ၃ ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။

ဦးတင်အောင်ခင်
(စစ်တွေ)
ယခင် တောခေါင်း(မိုးညှင်း)
အသက်(၃၈)နှစ်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန် (၁)၊ စက်မှုလမ်းမကြီး ၄-၃၆/၁ ရပ်ကွက်၊ အိမ်အမှတ် ၅၈၃နေ ဦးထွန်းအောင် (DAMCO LCD Wood)၊ မြို့နယ်စာရင်းစစ်အရာရှိ (ငြိမ်း)-ဒေါ်အေးမြတို့ ၏သားထွေး၊ ဦးဝင်းကြိုင်၏ညီ ဦးတင်အောင်ခင်သည် ၆-၈-၂၀၀၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၀၄ ရက် (စနေနေ့)တွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ကိုထိန်လင်း(ခ)တွာတူး
အသက်(၄၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ ကောလိယ(၃၀)လမ်း၊ အမှတ်(၃၁၇)နေ (ဦးစံမြမောင်)-ဒေါ်ခင်သန်းနွဲ့(ခ)ဒေါ်သန်းသန်းတို့၏သားကြီး၊ ကိုအေးဝင်း-မယဉ်ယဉ်မြ (ကြည့်မြင်တိုင် ဘဏ်ခွဲ)၊ ကိုဇော်ဝင်း-မဌေးဌေးနွယ်၊ဒုတက ကျော်ဇင်(တပ်မတော်ရေ)-မမေသူတို့၏ အစ်ကိုကြီး၊ တူ တူမ သုံးယောက်တို့ဘကြီးသည် ၁၀-၈-၂၀၀၄ ရက်(အင်္ဂါနေ့) နံနက် ၁၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အမည်မှန်

အလက(၁)တာမွေ သတ္တမတန်း (B)တွင် ပညာသင်ကြားနေသော ဦးထွန်းလှိုင်၏သား အမည်မှန်မှာ ကျောင်းဝင် နာမည်စာရင်းအရ မောင်ဇော်မင်းထက် ဖြစ်ပါကြောင်း။

မောင်ဇော်မင်းထက်။

အမည်ဖြည့်စွက်ခြင်း

ဦးသိန်းတန်၏သား မြောက်ဥက္ကလာပမြို့နယ် အထက(၁)ဆဋ္ဌမတန်း(K)မှ မောင်ထူးအောင်အား ယနေ့မှစ၍ မောင်ထူးအောင်ကိုဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မောင်ထူးအောင်ကို။

ရဲယိုသီး
ဝယ် သည်
ဖုန်း-၆၆၆၄၇၂

အမည်ပြောင်း

အဖ ဦးမြင့်ကျော်၏သား အထက ဗထူး နဝမတန်း(S)မှ မောင်ဖြိုးဇော်ဦးအား ယနေ့မှစ၍ မောင်ဖြိုးဇော်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

ဒေါ်ကျင်လှိုင်
(ဝမ်းသာ၊ ဟံဇား)
အသက်(၇၄)နှစ်

ဦးစော-ဒေါ်ဖွားဒုတ်၏သမီး၊ ဦးငြိမ်းမောင် (စက်ဗိုလ်ကြီး၊ မီးရထား (ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်ဝင်း(တိကုဆရာဝန်)-ဒေါ်မာမာ (တိကုဆရာဝန်)၊ ဦးအုန်းမြင့်(မီးရထား)-ဒေါ်စိုးစိုး၊ ဦးတင်ဦး (ယူနီဗာဆယ်အပ်ချုပ်ဆိုင်)-ဒေါ်မာလာ၊ ဒေါ်မိမိလှိုင် (အထပြ၊ အလက-၁၀၊ မ/ဥက္ကလာပ)၊ မောင်မြသွေး-မဝင်းဝင်းမာ၊ မောင်သက်နိုင်-မခင်အိအိလှိုင် (မွေးစားနို့၊ ဒညင်းကုန်း)၏ မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ် နှစ်ယောက်တို့၏ အဘွားသည် ၉-၈-၂၀၀၄ ရက် နံနက် ၈း၅၀နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလှပို
(ကသာမြို့)
အသက်(၅၂)နှစ်

အသင်းဝင် ဒေါ်မြမြသန်း (မြို့နယ်ပညာရေးမှူး မင်္ဂလာဒုံ)၊ ဦးရွှေမိုး (သံမှူးကြီး အစ္စလာန်မာဘတ်)-ဒုတိယဗိုလ်မှူးကြီး စန္ဒာတင် (တဆရ-၂)တို့၏ မောင်၊ ညီ၊ ဒေါ်ခင်ဆုံ (လ/ထ ကထိက ရန်ကုန်တက္ကသိုလ်)၏ အစ်ကို၊ မယမင်းဦး၊ မောင်ကျော်စိုးဟိန်းတို့၏ ဖခင်၊ ဒေါ်ခင်လေး၏ခင်ပွန်းသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်၌ ၁၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်ဝင်းကြည်
(ကသာ)
အသက်(၅၇)နှစ်

ကသာမြို့၊(၅)ရပ်ကွက်နေ ဦးမောင်တူး၏ဇနီး၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ဝရဇာလမ်း၊(၁၃)ရပ်ကွက် အမှတ်(၆၃၁)နေ ဦးတင်ဝင်း-ဒေါ်လှလှဝင်းတို့၏အစ်မ၊ သားသမီးခြောက်ယောက်တို့၏မိခင်သည် ၆-၈- ၂၀၀၄ ရက်တွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၀၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးတင်ဦး
(မြဝတီပုံနှိပ်တိုက်၊ ငြိမ်း)
အသက်(၇၄)နှစ်

ရန်ကုန်မြို့ (ဦးဘိုးမင်း-ဒေါ်သန်းခင်)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၀ လမ်း၊ အမှတ် ၆၀၁ နေ ဒေါ်တင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ရွှေ)-ဒေါ်ခင်လတ်၊ (ဒေါ်ခင်မြင့်)၊ (ဦးတင်ထွေး)၊ ဦးအောင်ကြည်မင်း(မြန်မာ့အလင်းသတင်းစာ)-ဒေါ်နော်ဖွယ်ထူး(မြန်မာ့အလင်းသတင်းစာ)၊ ဦးတင်မြင့်-ဒေါ်ခင်ဌေးရီ၊ ဒေါ်ခင်အေးကြည်၊ ဦးမြင့်သန်း(အခြေခံပညာဦးစီး)-ဒေါ်ခင်အေးသန်း(အခြေခံပညာဦးစီး)တို့၏အစ်ကိုကြီး၊ မခင်ညိုညို(အခြေခံပညာဦးစီး)၊ မမြင့်မြင့်ရီ၊ မောင်ဇော်မင်း၊ မချိုချိုဝင်း၊ မောင်မျိုးဆွေ-မစန်းစန်းဝင်း၊ မောင်ကျော်မင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၁-၈-၂၀၀၄ရက် ညနေ ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယိကာမကြီး
ဒေါ်ယဉ်မြ (အလပြ၊ ငြိမ်း)
အသက်(၄၇)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နေ ဦးဘိုလောင်-ဒေါ်ခင်နု၊ ဦးကံအေး-ဒေါ်ခင်ရှိန်တို့၏သမီး၊ ကျုံပျော်ရဲစခန်းနေ ရဲအုပ်မြင့်သိန်း(စခန်းမှူး) ဒေါ်စန်းမြင့်တို့၏ညီမ၊ ကျောင်းကုန်းရဲစခန်းနေ ရဲအုပ်သိန်းအောင်(စခန်းမှူး)၏ဇနီးသည် ၁၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ကြို့ကုန်းသုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်အေး
အသက်(၈၈)နှစ်

ဦးခင်မောင်အုန်း (UNHCR°၊ မောင်တောမြို့)၏မိခင် ဒေါ်တင်အေး အသက်(၈၈)နှစ်သည် ၁၀-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

UNHCR ဝန်ထမ်းများ၊ ရန်ကုန်၊မောင်တော။

ဝမ်းနည်းကြေကွဲခြင်း
ဦးချစ်ဦး (မန္တလေး)
အသက်(၇၄)နှစ်

ဆရာဦးခင်မောင်ညို(ဘောဂဗေဒ)၏ဖခင် ဦးချစ်ဦးသည် ၉-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချမ်းသာအောင်မြင်ကုမ္ပဏီနှင့်
သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှ
ဝန်ထမ်းများ။

ဦးတင်လှိုင်
(ပဲခူး၊ နေလင်းယုန်ဆေးပေါ့လိပ်)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ အမှတ် ၅၀၊ ပန်းဘဲတန်းလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းနေ ဦးဘညွန့်-ဒေါ်အုန်းရင်တို့၏သား၊ ဒေါ်ခင်စန်း၏ခင်ပွန်း၊ မောင်ကျော်ကျော်ဟိန်း-မခင်ထားအေး၊ မဥမ္မာခင်-မောင်ဌေးဝင်း၊ မောင်အောင်ကျော်မိုး-မစန်းစန်းအေး၊ မောင်ဖိုးလပြည့်-မအေးအေးမူတို့၏ဖခင်၊ မခင်ဖုန်းမေ၊ မစုမြတ်နိုးကျော်၊ မောင်ပြည့်ဟိန်းကျော်၊ မခင်အိန္ဒြေကျော်၊ မောင်ဟိန်းထက်ကျော်၊ မမြတ်နိုးခင်တို့၏အဘိုးသည် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ အနောက်ဖားကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဇော်ဝင်းတင်(ခ)
ဦးထိန်ဝင်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အမှတ် ၂၁ နေ(ဦးသက်တင်-ဒေါ်ခင်လှ)တို့၏သားကြီး၊ (ကိုအုန်းကျော်)-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးဝင်းမြင့်သိန်း(ခ)ဦးရွှေဘ - ဒေါ်သောင်းသောင်းနွဲ့တို့၏အစ်ကိုကြီး၊ တူ တူမ ငါးယောက်တို့၏ဘကြီးသည် ၁၁-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဒေါ်ရီရီ (အင်္ဂပူ)
ဒုရဲအုပ်(ငြိမ်း)မှူးခင်းတပ်ဖွဲ့
အသက်(၈၃)နှစ်

ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နေ (ဦးမြို့-ဒေါ်ကြင်)တို့၏သမီးထွေး၊ (ဦးသိမ်းကျော်၊ ဒုရဲမှူး၊ အငြိမ်းစား)၏ဇနီး၊ ဒေါ်စန္ဒာကျော်(စက်မှု/ထွေထိန်း၊ ငြိမ်း)၊ ဒေါ်တာရာကျော်၊ ဒေါ်မာလာကျော်(ဒုညွှန်မှူး၊ ငွေစာရင်း၊ ရေအားလျှပ်စစ်)၊ ဒေါ်သီတာကျော် (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊မြစ်ကြီးနားတက္ကသိုလ်)၊ ဒေါက်တာအိန္ဒာကျော်(ခွဲစိတ်အထူးကု၊ မြန်မာ့မီးရထား)၊ဒေါ်ဥမ္မာကျော်(မန်နေဂျာ၊ ဖွံ့ဖြိုးဘဏ်)၊ဒေါ်မေဓာကျော်(မဟာမိတ်ကုမ္ပဏီ)တို့၏မိခင်သည် ၁၀-၈-၂၀၀၄ ရက်(အင်္ဂါနေ့)တွင် ၂၁၅/က၊ အလုံလမ်း နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်ညွန့်မေ (ထားဝယ်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ တိုက် ၃၊ အခန်း ၁၆ နေ(ဦးအောင်ငြိမ်း-ဒေါ်မဲ)တို့၏သမီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးငွေချီ-ဒေါ်အေးကြွယ်)တို့၏သမီးချွေးမ၊ (ဦးစံမြင့်)(အကောက်ခွန်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၉၊ ကီလီရိပ်သာနေ(ဒုတိယဗိုလ်မှူးကြီးစိုးတင့်)-ဒေါ်ခင်နုနု(ပထဝီ)တို့၏အစ်မ၊ ဒေါ်ခင်မာသီ(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ဒေါ်ဆွေဆွေမြင့်(ဌာနခွဲမှူး DMIP°၊အမှတ်-၂ စက်မှုဝန်ကြီးဌာန)တို့၏မိခင်၊ ဦးတင်အောင်(သစ်တော) - ဒေါ်ကြည်ညွန့်၊ ဦးကြင်မောင်-ဒေါ်သိန်းရှု၊ ဒေါ်စန်းဌေး၊ မမိမိညိမ်းတို့၏မေမေကြီးသည် ၁၁-၈-၂၀၀၄ရက် ညနေ ၆း၂၀ နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်(ခ)ဒေါ်ရန်ဝေး
(မော်လမြိုင်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၃၂၊ ၁၁၈ လမ်း၊ (ငါးလွှာ)နေ (ဦးဟန်စူး-ဒေါ်စွမ်)တို့၏သမီး၊[ဦးစိန်စို(ခ)ဦးခင်အောင်]၏ဇနီး၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်နိုင်၊ ဦးခင်မောင်စိုး၊ ဦးတင်အောင်(ဈေးသာယာရေး အတွင်းရေးမှူး၊ မင်္ဂလာဈေး)-ဒေါ်လှလှအောင်၊ ဦးထွန်းထွန်းမြင့်-ဒေါ်သန်းသန်းဌေး၊ မောင်ခင်မောင်မျိုး-Dr.မျိုးမြင့်ကြည်၊ ဦးထွန်းထွန်းစိုး-ဒေါ်တင်ဝင်းရီ၊ ဦးခင်မောင်ဇော်၊ ဒေါ်တိုးတိုးလွင်၊ မောင်ခိုင်သိန်း၊ မလှလှထွေးတို့၏မိခင်၊မြေး ၁၁ယောက်တို့၏အဘွားသည် ၁၁-၈-၂၀၀၄ရက် မွန်းလွဲ ၁း၅၅ နာရီတွင် ဗဟိုရဲစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်မျိုးဇင်သိန်း ၁၂/ဥကတ(နိုင်)၀၃၆၉၁၃ သည် မိဘစကားနားမထောင်ဘဲ ၅-၃-၂၀၀၄ရက်တွင် နေအိမ်မှဆင်းသွားပါ၍ ၎င်း၏ကိစ္စအဝဝကို လုံးဝတာဝန်မယူဘဲ စွန့်လွှတ်လိုက်ပါကြောင်း။ **ဦးချစ်သိန်း**
CE-၁၁၀၅၁၉၊ ကေတုမာလာရိပ်သာ။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဒေါ်ရွှေဝမ် (ပျော်ဘွယ်)
ခိုင်ရွှေဝါ အထည်ဆိုင်
(ဗိုလ်ချုပ်အောင်ဆန်းဈေး)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ အမှတ် ၁၂ (ပထမထပ်)နေ (ဦးတိတ်လျှောင်)၏ဇနီး၊ (ဒေါက်တာဖေဇော်)-ဒေါ်ခင်ခင်ထွေး၊ ဦးဟီရှောင်-ဒေါ်စန်းစန်းအေး၊ ဒေါ်မင်းခင်၊ (ဒေါ်မင်းတင်)၊ ဦးသိန်းနိုင်-ဒေါ်ခင်အေးမြင့်၊ ဦးသိန်းမြင့်-ဒေါ်သန်းသန်းဝင်း၊မမင်းမင်းစန်း(ခ)မင်းစန်း၊ မမင်းလီ၊ ဦးလင်ကြည်-ဒေါ်ခင်မာစန်း(ခ)စန်းချိုတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးဆေးကုသဆောင်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရွှေဝမ် (ပျော်ဘွယ်)
ခိုင်ရွှေဝါ အထည်ဆိုင်
(ဗိုလ်ချုပ်အောင်ဆန်းဈေး)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ အမှတ် ၁၂ (ပထမထပ်)နေ (ဦးတိတ်လျှောင်)၏ဇနီး၊ ဒေါက်တာခင်မောင်ဦး-ဒေါက်တာသင်းယုဇော်၊ ဒေါက်တာဇာနည်စိုး-မနှင်းနုဇော်၊ မဝင်းယုဇော်၊ ကိုစိုးသိန်း-မမင်းမင်းအေး၊ ဒေါက်တာဇော်မင်းလတ်-မမင်းမင်းသူ၊ မောင်ဇင်မင်းထက်၊ မဖြူဖြူနိုင်၊ မောင်လင်းထွန်းနိုင်၊ မောင်အောင်ဖြိုးနိုင်၊ မောင်စိုးစံမြင့်၊ မနှင်းယုထွေး၊ မကေဇင်ဖြူနှင်း၊ မောင်ဇော်နောင်ထက်၊ မနှင်းနန္ဒာအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးဆေးကုသဆောင်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမြေးတစ်စု။

ဦးတင်ဝင်း (ရေနံချောင်း)
(တောင်ဒဂုံ
စည်ပင်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)
အသက်(၆၃)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးသော်-ဒေါ်မြမေ)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်လှိုင်-ဒေါ်ခင်စန်းမြင့်တို့၏သားသမက်၊ (ဒေါ်တင်အောင်)-ဦးထွန်းဝေ၊ ဒေါ်စန်းလွင်-ဦးစံသိန်း၊ ဦးစိမ်းလွင်တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်-ဦးဌေးဦးဇော်၊ ဒေါ်မေကြည်-ဦးအောင်မောင်း၊ဗိုလ်မှူးဌေးလွင်-ဒေါက်တာခင်မကြီးတို့၏ အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဆွေဦး-ဒုတိယဗိုလ်မှူးကြီးကျော်မင်းဦး(ဆရက၊မင်္ဂလာဒုံ)၊ ဦးမိုးဇော်ဦး-ဒေါ်အေးအေးမွန်(ရွှေရောင်လွင်ပြင်)၊ ဦးဇော်ဝင်းနိုင်(SAE° ကွမ်းချောင်း)၊တပ်ကြပ်ကြီးသိန်းအောင်ကြည်-ဒေါ်သင်းသင်းစိုး (တဆရ-၁၊ ခတင်-၅၀၀)တို့၏ဦးလေး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၀ လမ်း၊ အိမ်အမှတ် ၄၁၁ နေ ဒေါ်တင်အေးချို၏ခင်ပွန်းသည် အထက်ပါနေအိမ်၌ ၁၁-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

တသကြည်လွင်
အသက်(၃၃)နှစ်

အမှတ် ၁၂၀၊ သီဂီ ၃ လမ်း၊ မြောက်(၅)ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်စိုး-ဒေါ်စောမြိုင်)တို့၏သား၊ ဦးဆန်းတင့်-ဒေါ်ခင်သောင်းမြင့်(အောင်ဇမ္ဗူဟိန်း ကဖီး)၊ ဒေါ်ဌေးဌေးဝင်း၊ ဦးဆန်းဝင်း-ဒေါ်အေးအေးမူ၊ ဦးမြင့်ဆွေ-ဒေါ်စန်းစန်းမာ (ဇမ္ဗူကျော် ကဖီး)၊ ဦးခင်ဇော်-အေးအေးနွယ် (ဇမ္ဗူဇော် ကဖီး)၊ ဦးတင့်လွင်(ဇမ္ဗူဝင်းကဖီး)တို့၏ညီသည် ၁၁-၈-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ကိုကိုးကျွန်းမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၀၄ရက် (အင်္ဂါနေ့)တွင် အထက်ပါ အမှတ် ၁၂၀၊ သီဂီ(၃)လမ်း၊ မြောက်(၅)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးလှရွှေ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်းသွယ်၊ အမှတ် ၃၂/၂ နေ [ခေါ့ခင်ဟိုး(ခ)ဒေါ်ခင်ခင်]၏ခင်ပွန်း၊ ဒေါ်မာမာချို၏ဖခင်သည် ၁၀-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြ
(ကွမ်းခြံကုန်းမြို့နယ်အသင်းဝင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ အမှတ် ၁၀၁(က)၊ မြို့မ ၁၃ လမ်း၊ ဝန်ထမ်းကွက်နေ (ဦးဖိုးမောင်-ဒေါ်ညိမ်းရင်)တို့၏သမီး၊ (ဗိုလ်ကြီးတင့်လွင်)ဒေါ်ဖြူဖြူ(ဦးအောင်သန်း) ဒေါ်တင်မြ၊ ဦးဝေလင်း-ဒေါ်သိန်းသိန်းစိုးတို့၏အစ်မ၊ ကိုသန်းမြင့်အောင်-မဥမ္မာဦး(လယ်သမားအာမခံ၊ မအူပင်ခရိုင်)၊ ကိုသန်းဌေး - မစိုးမိုးကျော်(လှိုင်လင်)၊ကိုမောင်မောင်ခင်-မမြင့်မြင့်ကြည် (ကျောက်မျက်)၊ မဆွေဆွေမြင့်၊ ကိုကိုအောင်-မမြင့်မြင့်ရီ၊ ကိုကိုနိုင်-မနန်းရွှေဝါ(Season of Yangon Internation Airport Hotel)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၁၁-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ကိုကျွတ်
(မော်လမြိုင်)
ကုန်းလမ်းပို့ဆောင်ရေး(ငြိမ်း)
အသက်(၇၀)

မော်လမြိုင်မြို့နေ ဦးဟုတ်ကြည်-ဒေါ်ဂိတ်တို့၏ ဒုတိယသား၊ ဒေါ်စန်းရီ၊ (ဦးဝင်းမြင့်)-ဒေါ်အုံတို့၏ ညီ/မောင်၊ (ဒေါ်သောင်းရွှေ)၊ ဒေါက်တာခင်ခင်ဝင်း၊ ဦးစစ်ဝန် - ဒေါက်တာအေးအေးသန်း၊ ဒေါ်အေးအေးသိန်းတို့၏အစ်ကို၊ အမှတ် ၂၆-ဘီ(၁)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်ပြုံးဝင်း၏ခင်ပွန်း၊ မောင်ကျော်ကျော်၊ ဦးကျော်စိုး-ဒေါ်သွယ်သွယ်ဝင်းတို့၏ဖခင်၊ မသရဖီစိုး၏ အဘိုးသည် ၁၁-၈-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ် ၂၆ ဘီ(၁)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

ဦးတင်မြင့်
အသက်(၅၇)နှစ်

မင်္ဂလာတော်ညွန့်မြို့နယ်၊ ကန်တော်လေး(အနောက်ပိုင်းရပ်ကွက်)၊ အမှတ် ၂၈၊ ၈၉ လမ်း၊(ရှစ်လွှာ)နေ (ဦးမောင်မြ-ဒေါ်စိန်တင်)တို့၏သား၊ ဒေါ်သီသီနှင်း၏ခင်ပွန်း၊ မဥမ္မာမြင့်၊ ကိုစိုးဝဏ္ဏ၊ ကိုသီဟကိုကိုတို့၏ဖခင်သည် ၁၀-၈-၂၀၀၄ရက် ည ၉း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဇော်ချိုတင့်
(တောင်တွင်းကြီး)
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ချမ်းမြေ့သာယာ ၃ လမ်း၊ အမှတ် ၂၃၆ နေ ဦးတင့်ငွေ-ဒေါ်ဌေးဌေးတို့၏သားလတ်၊ ကိုဇော်ဘို၏ညီ၊ မသန္တာတင့် (MAI)၏ အစ်ကိုသည် ၁၁-၈-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပညာဇောတ
သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ကဘင်းရွာ၊ အဒွင်းရွာ၊ ကျောက်ဖျာရွာ၊ ကျောင်းကြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ပညာဇောတသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(စနေနေ့)ညနေ ၅း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ ဆရာတော်၏ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (၂၁-၈-၂၀၀၄ရက်) စနေနေ့ မွန်းတည့် ၁၂ နာရီတွင် အန္တိမဈာပနကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ ကဘင်း၊အဒွင်း၊ကျောက်ဖျာကျောင်းကြီး။

ဦးအေး (ပခုက္ကူ)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ကျောက်မျက်ရတနာ
ရောင်းဝယ်ရေးလုပ်ငန်း
(ပခုက္ကူအသင်းဝင်)
အသက်(၇၉)နှစ်

(ဦးမြ-ဒေါ်မမကြီး)တို့၏သား၊ (ဦးထင်)(မြန်မာ့သီးနှံစိုက်ပျိုးရေး)၏ညီ၊ (ဦးဘထွန်း - ဒေါ်တင်)တို့၏ သားသမက်၊ ကမာရွတ်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက် ၅၊ အခန်း ၉ နေ ဒေါ်ကြည်ကြည်၏ခင်ပွန်း၊ ပခုက္ကူမြို့၊ ဈေးဟောင်းရပ်နေ ဦးမောင်မောင်လေး-ဒေါ်ခင်သန်းဝင်း၊ (ဦးစံလွင်)-ဒေါ်ခင်တင့်၊ ဦးကြည်ဌေး-ဒေါ်သင်းသင်းချိုတို့၏အစ်ကို၊ ဦးဌေးဝင်း-ဒေါ်နုနုအေး၊ ဦးမောင်မောင်သက်ဝင်း-ဒေါ်အေးအေးသန်းတို့၏ဖခင်၊ မောင်ရန်ရှင်းအောင်(အထက-၅၊ ကမာရွတ်)၊ မောင်ထက်ဦးလွင်(အမက-၁၊ ကမာရွတ်)၊ မောင်ကောင်းမင်းသန့်တို့၏ဘိုးဘိုးကြီးသည် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည်
(ဟင်္သာတ)
အသက်(၇၃)နှစ်

ဟင်္သာတမြို့၊ ငါးဖယ်တူကျေးရွာနေ (ဦးချစ်တီး-ဒေါ်ဒွန်း)တို့၏ သမီးကြီး၊ ဒေါ်ခင်တင့် ၊ ဦးထွန်းရွှေတို့၏အစ်မ၊ အမှတ် ၁၅/က၊ ကာယသုခအပြင်လမ်း၊ (၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးထွန်းနွယ်)၏ဇနီး၊ (ဦးမောင်မောင်ဦး-ဒေါ်အုန်းကြည်)၊ ဒုအရာခံဗိုလ်မောင်မောင်လတ် - ဒေါ်ရွှေစင်ဝင်း၊ တကက တင်မောင်ညွန့် - ဒေါ်တင်ချိုအောင်၊ ဦးနေဝင်း - ဒေါ်စမ်းစမ်းနွယ် (J.A.T)၊ (တကဘုန်းညွန့်)-ဒေါ်အေးအေးစန်း၊ ဦးအောင်ထွန်းကြည်၊ ဦးပြုံးစိန်-ဒေါ်ရင်ရင်ကြွယ်၊ ဦးအောင်ဇော်ထွန်း-ဒေါ်အေးအေးလှိုင်၊ ဦးသန့်စင်လွင်(ဆလရ၊ မြောက်ပိုင်းခရိုင်)၊ ဒေါ်ခင်စန္ဒာနွယ်(ရွှေကိန္နရီ မိတ္တူနှင့်စတိုး)တို့၏မိခင်၊ မြေး ၂၇ ယောက်တို့၏ အဘွားသည် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအေးဇော် (ကမာမတ်)
အသက်(၃၉)နှစ်

ရန်ကုန်တိုင်း၊ခရမ်းမြို့နယ်၊ကမာမတ်ကျေးရွာနေ ဦးပေစိ(ခ)ဦးမောင်သန်း-(ဒေါ်အုံးတင်)တို့၏သား၊(ဦးလွန်းရှိန်)-ဒေါ်စောကြည်တို့၏သားသမက်၊ အမှတ် ၃၄၃၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်လှစိန်(မင်္ဂလာဈေး)၊ ဦးစန်းမြိုင်-ဒေါ်အေးအေးမော်၊ ကိုစန်းဦး-မအေးမြင့်၊ ကိုမြင့်အောင်-မသန်းဌေး၊ ကိုမောင်ပို-မရီဌေးတို့၏ညီ/မောင်၊ ကိုတင်စိန်-မသန်းသန်းဝင်း၊ ကိုဌေးဇော်-မအေးသိန်း၊ မစန်းစန်းယု၊ မစန်းစန်းနု၊ မောင်ဝင်းဗိုလ်-မသေးသေး၊ မောင်ဝင်းကျော်-မစန်းမြင့်တို့၏အစ်ကို၊ မမျိုးမျိုးအေး၏ဖခင်၊ မဌေးမူ၏ခင်ပွန်းသည် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ကျုတ်ရီ
ကျောင်းဆရာမကြီး(ငြိမ်း)
ဖလမ်းရာသက်ပန်အသင်းဝင်
အသက်(၈၃)နှစ်

ဖလမ်းမြို့နေ (ဦးအဝေါင်-ဒေါ်မှဲ့တီလ်)တို့၏သမီး၊ (ဦးထွန်းအောင်)၏ဇနီး၊ အမှတ် ၁၀၄၀/၁၁၊ (ည)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ ရွှေပြည်သာမြို့နေ ဒေါက်တာစန်းမိန်-ဒေါ်နန်းမူတို့၏မိခင်၊ (ဒေါ်ဆောင်းဖုန်း)၊ (ဒေါ်ရွှေရီ)တို့၏ညီမ၊ (ဦးရင်စိန်)၊ (ဒေါ်ခွန်ရိန်)၊ (ဒေါ်ငွန်နွဲ့)၊ (ဦးရင်ချန်း)၊ (ဒေါ်ရွှေကြည်)၊ ဒေါ်ရွှေဟာတို့၏အစ်မ၊ ဦးစန်းသက်ထွန်း၊ဒေါ်မှုရီတို့၏အဘွားသည် ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၈-၂၀၀၄ ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်(၂)၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းဝင်း (ကျောက်မဲ)
မန်နေဂျာ(ငြိမ်း)
ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး
အသက်(၆၅)နှစ်

ကျောက်မဲမြို့၊ (၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ (ဦးမြခင်)-ဒေါ်သန်းခင်တို့၏သားသမက်၊ မော်လမြိုင်မြို့၊ ထားဝယ်စုရပ်နေ (ဦးဘမြစ်-ဒေါ်ငွေမြိုင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းမြိုင်-ဒေါ်ခင်ကြည်)၊ မြစ်ငယ်မြို့နေ ဦးလှကျော်-ဒေါ်ရွှေသစ်၊ မော်လမြိုင်မြို့နေ (ဦးချစ်စိန်-ဒေါ်သန်းခင်)၊ ရန်ကုန်မြို့နေ (ဦးသိန်းထွန်း - ဒေါ်ခင်သောင်း)တို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ ဦးခင်ဖေ-ဒေါ်ညိုတို့၏အစ်ကို၊ ကျောက်မဲမြို့နေ ဦးညွန့်လှိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအုန်းသွင်-ဒေါ်ရီရီခင်၊ မိုးကုတ်မြို့နေ ဦးကိုလေး-ဒေါ်ကြည်ကြည်ဌေး၊ ကျောက်မဲမြို့နေ ဒေါ်ခင်ဝင်းဆွေ၊ ဒေါ်နွဲ့နွဲ့ဝင်း၊ဒေါ်ညွန့်ညွန့်စိန်၊ မန္တလေးမြို့နေ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးသိန်းတို့၏အစ်ကိုကြီး၊ ကိုထွေးမြင့်(ခ)ကိုအားတိ-မသူဇာဝင်း၊ ကိုမင်းမင်း-နန်းနောင့်နောင့်၊ ကိုနောင်နောင်-မချိုချိုလွင်၊ ကိုထိန်လင်း၊ မသန္တာဦးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ကျောက်မဲမြို့၊ (၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ ဒေါ်ရီရီဝင်း၏ခင်ပွန်းသည် ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ တောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအေးထွန်း
အသက်(၃၉)နှစ်

(ဦးထွန်းအောင်-ဒေါ်ရီ)တို့၏သား၊ သာကေတမြို့နယ်၊(၂/မြောက်)ရပ်ကွက်၊ ထူပါရုံအရှေ့ ၂၂ လမ်း၊ အမှတ် ၄၆၃ နေ ဦးတင်မြင့်-ဒေါ်သိန်းကြည်တို့၏ သားသမက်၊ ဦးမြင့်ငွေ-ဒေါ်ကျင်လှ၊ (ဒေါ်မြစန်း)၊ ဦးခင်ရွှေ(မြန်မာ့အလင်းသတင်းစာ)-(ဒေါ်ငွေခိုင်)၊ (ဦးမြင့်ထွန်း)၊ ဦးစိန်ဝင်း (မြန်မာ့အလင်းသတင်းစာ)-ဒေါ်ခင်နွဲ့တို့၏ညီ/မောင်၊ မောင်ဆန်းအောင်၊ မလှဲ့လှဲ့ဝင်း၊ ကိုမင်းအောင်-မတင်တင်မိုး၊ ကိုလင်းအောင်-မသင်းသင်းယု၊ မောင်ဇော်အောင်တို့၏ညီ/မောင်၊ မနွဲ့နွဲ့ဝင်း၏ ခင်ပွန်း၊ မမင်းမင်းသိန်း၊ မောင်အေးမင်းကို၊ မောင်ကျော်စွာဝင်း၊ မသိမ့်နန္ဒာအေး၊ မောင်မင်းထက်ပိုင်တို့၏ဖခင်၊ တူ တူမ ၁၅ယောက်တို့၏ဦးလေးသည် ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**



ဝန်ကြီးချုပ်နှစ်ဦး ခင်မင်ရင်းနှီးစွာတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များ Lao Plaza Hotel ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

မြန်မာ–လာအို နှစ်နိုင်ငံဆက်ဆံရေး မကြုံစဖူး ထူးထူးကဲကဲ ဖြစ်ထွန်းခိုင်မြဲလျက်ရှိ
နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်မှုများအပေါ် အားရကျေနပ်မိ
ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့်သာယာဝပြောရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

မြန်မာနိုင်ငံအစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့်ဖော်ဆောင်နိုင်မှု ဝမ်းသာမိ
နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအပေါ် တန်ဖိုးထား
ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် အပြန်အလှန်နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ

လာအိုဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ် ၉ ရက် ညနေ ၄နာရီ ၁၀မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်ွိုင်းမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဩဂုတ် ၁၀ ရက်တွင် Lao Plaza Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံနဲ့မြန်မာအစိုးရကိုလုပ်ကြံပုတ်ခတ်တဲ့ အတင်းအဖျင်း အထုပ်အစုတ်မှန်သမျှ ဘာတစ်ခုမျှမကျန်ရအောင် ကန်ထရိုက်လိုင်စင်ဆွဲပြီး ထုတ်လွှင့်ပေးနေတဲ့ **BBC** နဲ့ **VOA** တို့ဟာ အမြတ်ထုတ် လုပ်စားဖို့ ကြံလာဖန်လာတာမျိုးကတော့ 'လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ' ဆိုတဲ့ စကားနဲ့ ပေါက်စ အပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအပေါင်းက ကောင်းချီးဩဘာပေးလို့ဝေးဝေးရှောင်ကြမယ့်အကြောင်း စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။

ပေါက်စ၏ "လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၅၇)" ဆောင်းပါး စာ–၁၀